ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်၊ သောကြာနေ့၊ (21-3-2008) (၅၆၂၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘွဲ့ခံပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၁-၃-၂၀၀၈
(သောကြာနေ့)

ထူးမြတ်သည့်တပေါင်းလပြည့် အဓိသမယ ဗုဒ္ဓါနုဿတိ ဘာဝနာတရား ပွားများအားထုတ်

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ထူးမြတ်သည့် တပေါင်းလပြည့် အဓိသမယနေ့ဖြစ်သည်။

တပေါင်းလသည် ဆောင်းအကုန် နွေအကူး နွေဦးအစကာလဖြစ်သည်။ မင်းလွင်မြူခိုးတို့ ရစ်သိုင်းစပြုဆဲကာလဖြစ်သော်လည်း ဆောင်းရိပ်ဆောင်းငွေ့များ လွှမ်းခြုံနေ၍ အေးမြနေဆဲဖြစ်သည်။

တပေါင်းလ မိန်ရာသီတွင် ရာသီပန်းအနေဖြင့် အင်ကြင်းပန်းနှင့် သရဖီပန်းတို့ ဖူးပွင့်ကြမြဲဖြစ်ရာ တောတောင် ဝန်းကျင်တစ်ခို၌ ဥသြတွန်သံ၊ လင်းပြာငှက်သံတို့နှင့်အတူ သာယာကြည်နူးဖွယ်ကောင်းလှသည်။ အင်းဝခေတ်စာဆို ဆည်သည်ရွာသား ဦးအောင်ကြီးက **"တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူဆွသောင်ပြင်၊ ငှက်ပေါင်းရွှင်ရာ၊ သဘင်အညီ၊ ပွဲစေတီဟု၊ မြောက်ချီရွှင်ပ၊ လှူဒါန်းကြလျက် "** ဟူ၍ တပေါင်းလ၏ ရာသီပွဲကို ကဗျာရေးဖွဲ့ မှတ်တမ်းပြုခဲ့သည်။

ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးက ဘုရားရှင်ကို တပေါင်းလပြည့်နေ့တွင် တပေါင်းလနှင့် လမ်းခရီး၏ သာယာပုံကို ဂါထာပေါင်း ၆၄ ဂါထာသီကုံး၍ ဖွားတော်မူရာ ကပိလဝတ်ပြည်သို့ ကြွချီပါရန် လျှောက်ထားခဲ့သည်။

မြတ်စွာဘုရားရှင်သည် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ကျွေးမိခင် ဂေါတမီတို့အား ကျေးဇူးဆပ်တရား ဟောကြားတော်မူခဲ့ပေသည်။

ရှေးဘိုးဘေးမြန်မာတို့က ဘုရားရှင်ကြွတော်မူခဲ့သည့် တပေါင်းလ ရာသီတွင် သဲပုံစေတီပွဲတော်များတည်ထားကာ ဘုရားရှင်၏ ဂုဏ်တော်တို့ကို အာရုံပြုကြည်ညိုပူဇော်ကြသည်။ တပေါင်းလ၌ မြစ် ချောင်းများ ရေစစ်ကာ သဲသောင်ပြင်များ ဖြစ်ထွန်းလျက်ရှိရာ သဲသောင်ပြင်ထက် သဲပွင့် သဲစက်များစုပုံ၍ စေတီအသွင်ပြုကာ သဗ္ဗညုတမြတ်စွာဘုရားအား ရည်မှန်းပူဇော်သည့် သဲပုံစေတီပွဲတော်များ ကျင်းပခဲ့ကြသည်။

ယနေ့ကာလတွင် ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပ၍ ပဋ္ဌာန်းတရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းခဲဖွယ်များဆက်ကပ်ခြင်း၊ ဆွမ်းဆန်တော် လောင်းလှူပွဲများ ကျင်းပခြင်းတို့ကို တပေါင်းလပြည့် အဓိသမယ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ထူးမြတ်သည့် တပေါင်းလပြည့် အဓိသမယနေ့တွင် မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အနန္တကို အဖန်ဖန်အောက်မေ့ခြင်းဟူသည့် ဗုဒ္ဓါနုဿတိ ဘာဝနာ တရားများအားထုတ်ရင်း ကုသိုလ်ကောင်းမှု ဒါနအစုစုတို့ကို မပြတ်ပွားများ ပြုလုပ်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့် ၉ လမ်းနေ ဦးကံမောင်-ဒေါ်သန်းကြွယ် မိသားစုက သမီး ရီရီဝင်း၏ မွေးနေ့အတွက် တတိယအကြိမ် စုပေါင်းငွေကျပ် နှစ်သိန်းငါးသောင်း လှူဒါန်းရာ ဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။

(၅၃၅)

အမ္ဗာရာမတရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဗာရာမ ဝိပဿနာကျောင်းတိုက်၌ အမ္ဗာရာမ ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော်အရှင်ဦးတိက္ခိန္ဒြိယ၊ ဆရာတော်ဦးတိက္ခတို့ ညွှန်ပြတော်မူခဲ့သည့် နည်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဧပြီ ၁၁ရက်မှ စ၍ သင်္ကြန်အခါတော်ရက်အတွင်း ခုနစ်ရက်တရားစခန်းဖွင့်၍ တရားအားထုတ်ကြမည်ဟု သိရသည်။

(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်ကျောင်းတိုက်မှ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ နှလုံးရောဂါ စမ်းသပ်စက်လှူဒါန်း

ရန်ကုန် မတ် ၂၀

စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်ကျောင်းတိုက် ဆရာတော်အရှင်ရှီဖာဂါကိုသည် စင်ကာပူသမ္မတနိုင်ငံ မောင့်အယ်လီဇဘက်ဆေးရုံကြီးမှ နှလုံးရောဂါကုဆိုင်ရာသမားတော်ကြီး ဒါတို ဒေါက်တာလဲစီလန်း လိုက်ပါလျက် မတ် ၁၉ ရက် ညနေ ၃ နာရီခွဲက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ရောက်ရှိလာပြီး စင်ကာပူဒေါ်လာ ၂၁၈၆၈ တန်ဖိုးရှိ နှလုံးရောဂါစမ်းသပ်စက် (Echo Cardiogram) လှူဒါန်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များ၊ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။ ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတ နိုင်ငံသံအမတ်ကြီးက အမှာစကား ပြောကြားပြီး လှူဒါန်းသူကိုယ်စား နှလုံးအထူးကုသမားတော်ကြီး ဒါတိုဒေါက်တာလဲစီလန်းက လှူဒါန်းရခြင်း အကြောင်းပြောကြားသည်။ ထို့နောက် စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော် ကျောင်းတိုက်ဆရာတော်က လှူဒါန်းသည့်စက်ပစ္စည်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်က လက်ခံရယူပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။ **(အပေါ်ဓါတ်ပုံ)**

ထို့နောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ကိုယ်စား ဇီဝိတဒါနသံဃာ့ဆေးရုံနှင့် ပန်းလှိုင် အပြည်ပြည်ဆိုင်ရာဆေးရုံ အကြံပေးသမားတော်ကြီး ဒေါက်တာကျော်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

(ကြေးမုံ)

<u>သန့်-တည်-ပွားအဖွဲ့ ရုံးပြောင်းရွှေ့သင်တန်းများဖွင့်</u>

ရန်ကုန် မတ် ၂၀

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား) အဖွဲ့ရုံးကို သင်္ဃန်းကျွန်းမြို့နယ်(သုဝဏ္ဏ) သံသုမာလမ်း စုပေါင်းမှတ်တိုင် (အစိမ်းရောင်တိုက်ခန်းတွဲ) မြေညီထပ်မှ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်(၆၈) စတုတ္ထထပ်သို့ မတ် ၂၇ ရက်မှ စ၍ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်သည်။

အဌမအကြိမ်မြောက် မြင့်မြတ်ပုဂ္ဂိုလ်သင်တန်းနှင့် တတိယအကြိမ်မြောက် နွေရာသီ မြင့်မြတ်ပုဂ္ဂိုလ်သင်တန်းဖွင့်ပွဲကို မတ် ၃၀ရက်တွင် အထက်ပါနေရာ၌ ကျင်းပမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများ ရုံးအဖွဲ့ ဖုန်း- ၀၁-၇၂၇၂၂၃၊ ၀၁-၂၁၂၈၂၄ သို့ စုံစမ်းမေးမြန်း၍ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဦးချစ်ဆွေ-ဒေါ်ဆုံနှင့် အစ်မကြီး ဒေါ်လှခင်တို့အားရည်စူး၍ ရန်ကုန်မြို့ သာကေတမြို့နယ် ၂/မြောက်ရပ်ကွက်နေ ဦးကြီးမြင့်(မြန်မာစာ)-ဒေါ်ဖြူဖြူ မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဒုတိယအကြိမ်လှူဒါန်းရာ ရိပ်သာဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း လက်ခံယူစဉ်။

(က-ပ)

ရင်နှင့်အောင်မွှေးဇာတ်ကားသစ် ရုံတင် အမည်မဖော်လိုသူအချစ် ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ယခုသောကြာနေ့ မတ် ၂၁ ရက်တွင် မြန်မာရုပ်ရှင်ဇာတ် ကားသစ် **"ရင်နှင့်အောင်မွှေး"** ဇာတ်ကား ရုံတင်ပြသမည်ဖြစ်ပြီး ပြသဆဲ **"အမည်မဖော်လိုသူအချစ်"** ဇာတ်ကားမှာ ရွှေ့ဆောင်ရုံ တစ်ရုံတည်းတွင်သာ ဆက်လက်ပြသသွားမည်ဖြစ်သည်။

ရင်နှင့်အောင်မွှေး

ဂျာနယ်ကျော်မမလေး၏ တစ်ခေတ်တစ်ချိန်က လူကြိုက်များ ရေပန်းစားခဲ့သော နာမည်ကြီးဝတ္ထုကို ဒါရိုက်တာ မောင်ဝဏ္ဏက ခံစားရိုက်ကူးထားသည့် **"ရင်နှင့်အောင်မွှေး"** ဇာတ်ကားမှာ ဝတ္ထုအဖြစ်နှင့် နာမည်ကြီးခဲ့သည့်နည်းတူ ရုပ်ရှင်အဖြစ် ဖန်တီးခဲ့ရာတွင်လည်း ဒါရိုက်တာ၏ ပီပြင်သောဖန်တီးမှု အနုပညာကြောင့် ရုပ်ရှင်ချစ်ပရိသတ် နှစ်ခြိုက်ကြမည် ဖြစ်သည်။

မိဘများ၏ အိမ်ထောင်ရေး အဆင်မပြေမှုကြားတွင် သောကပွားကြရသော သားသမီးများ၏ စိတ်ခံစားရချက်များကို ဇာတ်လမ်းဆင် ရိုက်ကူးခြင်းဖြစ်သည်။ ပါဝင်ကြသည့် ဝါရင့် အနုပညာရှင်များ၏ ပီပြင်သော သရုပ်ဆောင်မှုများကလည်း ဇာတ်ကားကို ပိုမိုအားဖြည့် ပံ့ပိုးပေးထားသည်ကို တွေ့ရသည်။

အဆိုပါဇာတ်ကားတွင် လွင်မိုး၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မေတ္တာ၊ မိုးဒီ၊ ခိုင်တင်၊ သရုပ်ဆောင်သစ် သုခစိုး၊ ခင်သန်းနု၊ နွဲ့နွဲ့မူ၊ မျိုးသန္တာထွန်း၊ နဝရတ်၊ ထူးမွန်၊ နွဲ့နွဲ့စမ်း၊ နဒီမင်းသန့်၊ ခင်မို့မို့အေးနှင့် ဒေါ်ခင်ခင်ကြီးတို့ ပါဝင် သရုပ်ဆောင်ထားကြကာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တစ်ပြိုင်တည်းပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ထူးခြားသော စိတ်စွမ်းအင်ပိုင်ရှင် လူငယ်လေး တစ်ဦး၏ဘဝကို ရိုက်ကူးထားသည့် Jumper လျှို့ဝှက်ဆန်းကြယ် ဇာတ်ကား ပြသမည်ဖြစ်သည်။

ဘုရင်ရုံ

ဘုရင်ရုံတွင် နာမည်ကျော် ဝေါ့လ်ဒစ္စနေးမှ ရိုက်ကူး၍ ၂၀၀၆ ခုနှစ် အော်စကာဆုရ NARNIA ဇာတ်ကား ပြသမည်ဖြစ်သည်။ ဤဇာတ်ကားမှာ ဝေါ့လ်ဒစ္စနေး၏ ကွန်ပျူတာ လှည့်စားချက်များဖြင့် ရိုက်ကူးထားသည့် ထူးဆန်းထွေလာ ဇာတ်ကား တစ်ကားဖြစ်ရာ ကလေးငယ်များ အထူးနှစ်ခြိုက်မည့် ဇာတ်ကား ဖြစ်သည်။

ဆုထူးပန်ရုံ

ဆုထူးပန်ရုံတွင် နာမည်ကြီး အိန္ဒိယရုပ်ရှင် သရုပ်ဆောင်များဖြစ်ကြသော ရှီဆစ်ရောရှမ်းနှင့် အမီရှာပတေးတို့ ပါဝင်သရုပ်ဆောင်ထားသည့် AAP MUJHE ACHCHE LAGUE LAGUE အိန္ဒိယ အချစ်ဇာတ်ကားပြသမည် ဖြစ်သည်။

(ကြေးမုံ)

ယခုသောကြာပတ် ရုံဝင်လာသည့် ရင်နှင့်အောင်မွှေး မြန်မာရုပ်ရှင်ကားသစ်မှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် အသင်းဝင်များအား တွေ့ဆုံ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ မှာကြား

ရန်ကုန် မတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး လှိုင်သာယာမြို့နယ်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင် အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းနှင့် ရပ်ကွက်စည်းရုံးရေးမှူးများ၊ တွဲဖက်စည်းရုံးရေးမှူးများက မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းရုံးရေးလုပ်ငန်းစဉ်များ၌ တက်တက်ကြွကြွဖြင့် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ပံ့ပိုးငွေများကို အသင်းအတွင်းရေးမှူးထံ ပေးအပ်ကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့် အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဝန်ထမ်းများအတွက် သီးသန့်တရားစခန်းဖွင့်မည်

နေပြည်တော် မတ် ၂၀

နေပြည်တော်ပျဉ်းမနား ပန်းခင်းကွက်သစ် ပင်မလမ်း ဘုရားကြီးတောရကျောင်း ရွှေပြည်အေးမဟာစည်ရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဓမ္မပါလသည် သကြၤန်ရုံးပိတ်ရက်အတွင်း ဝန်ကြီးဌာနအသီးသီးရှိ ရုံးဝန်ထမ်းများအတွက် ခုနစ်ရက်စဉ် အလုပ်ပေးတရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှစ၍ ဧပြီ ၁၈ ရက်အထိ ပထမအကြိမ် ဖွင့်လှစ်မည်ဖြစ်သည်။

ဒုလ္လဘရဟန်း၊ သီလရှင်များ ဝတ်နိုင်ပြီး ဧပြီ ၁၁ ရက် ညနေ ၃ နာရီ အရောက်လာကြရမည်။ သို့ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းရန်နှင့် လှူဒါန်းရန် ဖုန်း-၀၆၇-၂၃၀၄၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/ အခွန်အသင်း ပြိုင်ပွဲမပြီးသေးသော်လည်း ဗိုလ်စွဲ

ရန်ကုန် မတ် ၂၀

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းတွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/ အခွန်အသင်းက ကာကွယ်ရေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပြိုင်ပွဲမပြီးဆုံးသေးသော်လည်း အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးရရှိသွားသည်။

ဘဏ္ဍာ/အခွန် အသင်း ထိုးဖောက် ဂိုးသွင်းမှုကို ကာကွယ်ရေး ဂိုးသမား ထွန်းထွန်းလတ်နှင့် နောက်ခံလူ ဖျက်ထုတ် ကာကွယ်စဉ်။
(ကြေးမုံ)

ဘဏ္ဍာ/အခွန်အသင်း- နှစ်ဂိုး
(ရန်ပိုင်နှင့် အောင်ထွန်းလင်း)
ကာကွယ်ရေးအသင်း- တစ်ဂိုး
(အောင်ကိုမင်း)

ဘဏ္ဍာ/အခွန်အသင်းမှာ ယနေ့ပွဲ သရေကျရုံဖြင့်ပင် အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သော်လည်း ကာကွယ်ရေးကို အနိုင်ယူကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ယခုအကြိမ် အပါအဝင် အမှတ်ပေးချန်ပီယံဆုကို (၂၇)ကြိမ်မြောက် ဆွတ်ခူးရရှိခြင်းဖြစ်ပြီး ၂၀၀၂-၂၀၀၃ ဘောလုံးရာသီမှစ၍ (၆)ကြိမ် ဆက်တိုက် ဆွတ်ခူးရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ဘဏ္ဍာ/အခွန် အသင်းအတွက် အနိုင်ဂိုးများကို ၄၆ မိနစ်တွင် ရန်ပိုင်နှင့် ၇၁ မိနစ်တွင် အောင်ထွန်းလင်းတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်း ကစားပုံမှာ အမှားများနေခဲ့ပြီး ဒုတိယပိုင်းတွင် ကစားပုံ ပြန်ကောင်းလာကာ ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၈၈ မိနစ်တွင် အောင်ကိုမင်းက သွင်းယူခဲ့သည်။

ယနေ့ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ပွဲကုန် ၁၃ ပွဲကစား ၁၀ ပွဲနိုင်၊ ၂ ပွဲသရေ၊ ၁ ပွဲရှုံး၊ ၂၆ ဂိုးသွင်း၊ ၉ ဂိုး ပေး၊ ၃၂ မှတ်ဖြင့် ဗိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။ ကျန်နေရာများအတွက် အဖြေမပေါ်သေးဘဲ လက်ကျန်ပွဲများကို အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားရ မည်ဖြစ်သည်။ ပြိုင်ပွဲမှာ မတ် ၂၆ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

(ကြေးမုံ)

အမှတ်ပေးပြိုင်ပွဲ
လက်ကျန်ပွဲများ

၂၄-၃-၂၀၀၈
သစ်တောရေးရာ - စွမ်းအင်

၂၅-၃-၂၀၀၈
တပ်မတော်(ကြည်း)-ပို့ဆောင်ရေး

၂၆-၃-၂၀၀၈
စီးပွား/ကူးသန်း-မြို့တော်စည်ပင်

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၈(သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ဗုဒ္ဓမြတ်ရှင်ပြည်တော်ဝင်"တပေါင်းလပြည့်နေ့တရားတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)
၈း၁၀-၂း၁၀	အရှဉ်ဦးမှာကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၈း၂၅-၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀-၂း၃၀	Myanmar Video Rhythm
၈း၅၅-၂း၅၅	နတ်မောက်စက်မှုလက်မှု အထက(၁) ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၃၅-၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့အထူးတရားပွဲ(၃)(နေပြည်တော် တပ်ကုန်း)
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	Yangon Panorama
၁၀း၃၅-၄း၃၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	Art Vision Art Lover ပန်းချီအရောင်းပြခန်း
၁၁း၃၅-၅း၃၅	ဆီထွက်သီးနှံများထဲမှ ဆီအုန်း
၁၁း၅၀-၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀-၆း၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	PEACE OF MIND (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၁၂း၃၅-၆း၃၅	VJ Choice
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အာချေးပြည်နယ်၌ အင်အား ၆ဒသမ ၄အဆင့်ရှိ ငလျင်လှုပ်

ဂျကာတာ မတ် ၁၉

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း မြောက်ပိုင်း အာချေးပြည်နယ်တွင် မတ် ၁၅ ရက်ညက ရစ်ချ်တာစကေး ၆ဒသမ ၄ အဆင့်ရှိ မြေငလျင်လှုပ်ခဲ့ရာ ပျက်စီးမှု သို့မဟုတ် သေကျေ ပျက်စီးမှု ရှိ၊ မရှိကို သတင်းမရရှိကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ပြောကြားသည်။

အာချေးပြည်နယ် ဆီနာဘန်မြို့ အနောက်မြောက်ပိုင်း ကီလိုမီတာ ၂၀၀ နှင့် ပင်လယ်အောက် ၁၀ကီလိုမီတာကို ဗဟိုပြု၍ ဂျကာတာမြို့စံတော်ချိန် ၂၁နာရီ ၄၃မိနစ် (ကမ္ဘာ့စံတော်ချိန် ၁၄၄၃နာရီ)က ငလျင်လှုပ်ခဲ့သည်ဟု သက်ဆိုင်ရာ အေဂျင်စီမှ အန်ဒီဆူမာနီက ပြောကြားသည်။

ငလျင်လှုပ်သည့် အခြေအနေကို ဆူမားတြားကျွန်း၌ လုံးဝမသိရှိခဲ့ဟု ၎င်းက ပြောကြားသည်။

ငလျင်၏ ဗဟိုချက်သည် ဆူမားတြားကျွန်းနှင့် အလှမ်းဝေးကွာမှုကြောင့် ငလျင်ဒဏ်ကို မခံစားရခြင်း ဖြစ်သည်ဟု ဆူမာနီက ဆင်ဟွာသို့ ပြောကြားသည်။

ငလျင်ဗဟိုချက်နှင့်နီးသည့် စီနာဘန်မြို့တွင် ပျက်စီးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာ ရရှိမှု ရှိ၊ မရှိကို မသိရှိရသေးကြောင်း အာချေးပြည်နယ် တပ်ဖွဲ့ အရာရှိက ပြောကြားသည်။

ယင်းမြို့မှလာသော သတင်းအရ ငလျင်ဒဏ်ကြောင့် အဆောက် အအုံ ပြိုကျမှုနှင့် ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေး တက်ရောက်နေသော သမ္မတဟူကျင်တောင်နှင့် ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့အား မတ် ၁၈ ရက် ကတွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မလက္ကာရေလက်ကြားဒေသလုံခြုံရေး
မလေးရှားနှင့်အင်ဒိုနီးရှားရေတပ်ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ မတ် ၁၉

မလေးရှားနိုင်ငံ ရေတပ်နှင့် အင်ဒိုနီးရှားနိုင်ငံ ရေတပ်တို့သည် မလက္ကာရေလက်ကြားဒေသ လုံခြုံရေးအတွက် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး ဖြစ်ကြောင်း အန်တာရာသတင်းဌာနက မတ် ၁၈ရက်သတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားရှိ ရေတပ်ဌာနချုပ်ရှိရာ ဆီလင်ကပ်အရပ်တွင် အင်ဒိုနီးရှား ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆူမာဂျိုဒိုနှင့် မလေးရှား ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန်ဆရီ ရမ်လန်မိုဟာမက်အလီတို့ အထက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

မလက္ကာ ရေလက်ကြားသည် အနောက်အာရှဒေသနှင့် အရှေ့အာရှဒေသကို ဆက်သွယ်ပေးထားသည့် သင်္ဘောအသွားအလာ အလွန်များပြားသော ကမ္ဘာ၏အရေးပါသော ရေလမ်းကြောင်းပေါ်တွင် တည်ရှိသည်။ ထိုရေလမ်းကြောင်းကို နှစ်စဉ် ရေကြောင်းကုန်သွယ်ရေးသင်္ဘောပေါင်း အနည်းဆုံး ၅၀၀၀၀ မှ အသုံးပြုလျက်ရှိသည်။

သင်္ဘောများအနေဖြင့် အာရှအရှေ့နှင့် အနောက်ကို ကူးလူးသွားလာရန် ဆန္ဒြားရေလက်ကြားကို ၂၄နာရီခုတ်မောင်းရမည်ဖြစ်ပြီး လောင်ဘုတ်ရေလက်ကြားကို ဖြတ်မောင်းလျှင် နာရီ ၇၀ ခုတ်မောင်းရန် လိုအပ်သည်။ သို့သော် မလက္ကာရေလမ်းကို အသုံးပြုပါက ကီလို ၈၀၀ သာ သွားရသဖြင့် ၁၂ နာရီသာ ခုတ်မောင်းရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တီဘီရောဂါကြောင့် ၂၀၀၆ ခုနှစ်က ကမ္ဘာပေါ်တွင် လူ ၁ ဒသမ ၇ သန်းတို့ သေဆုံးခဲ့ရဟု ဖော်ပြ

ဝါရှင်တန် မတ် ၁၉

ကမ္ဘာတစ်ဝန်းတွင် တီဘီရောဂါဖြစ်ပွားမှု အခြေအနေသည် ၂၀၀၆ ခုနှစ်မှစ၍ ရေတွက်လျှင် ဖြစ်ပွားနှုန်း ကျဆင်းလာသည်မှာ နှစ်နှစ်ဆက်တိုက်ရှိသွားပြီဖြစ်သည်။ သို့သော် ယမန်နှစ်က စာရင်းအရ ရောဂါသည်အသစ် ၉ ဒသမ ၂ သန်းရှိနေပြီး ထိုရောဂါကြောင့် သေဆုံးရသူ ဦးရေမှာ ၁ ဒသမ ၇ သန်းအထိ မြင့်မားနေဆဲပင်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဖော်ပြသည်။

လိုအပ်

တီဘီရောဂါသည် ခုခံအားကျအိတ်ဒ်စ်ရောဂါကဲ့သို့ပင် အသေအပျောက် များပြားစေသော ကူးစက်ရောဂါဖြစ်သည်။ တီဘီရောဂါကို တိုက်ဖျက်ရာ၌ အောင်မြင်မှုများ ဆက်လက်ရရှိလိုလျှင် ငွေကြေးသုံးစွဲမှု ပိုမိုပြုလုပ်ရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရာရှိများက ပြောကြားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းအင်းများအရ အာဖရိကဒေသသည် တီဘီရောဂါ ဖြစ်ပွားမှုအများဆုံး ဖြစ်ကြောင်း တွေ့ရသည်။

နိုင်ငံအလိုက် ရောဂါဖြစ်ပွားမှု အခြေအနေကို ကြည့်မည်ဆိုပါက အိန္ဒိယသည် ထိပ်ဆုံးမှရှိပြီး တရုတ်၊ အင်ဒိုနီးရှား၊ တောင်အာဖရိကနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် များပြားကြောင်း သိရသည်။ နိုင်ငံပေါင်း ၂၀၂ နိုင်ငံတို့၏ အခြေအနေကို လေ့လာရာ အထက်ပါ အခြေအနေကို တွေ့မြင်ရခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

စပိန်နိုင်ငံသို့ ခိုးဝင်ရန် ကြိုးပမ်းသူ ရေနစ်သေဆုံး

မဒရစ် မတ် ၁၉

ဆီနီဂေါနိုင်ငံသား အမျိုးသားတစ်ဦးသည် လေသွင်းထားသော မွေ့ရာကို စီး၍ စပိန်နိုင်ငံကမ်းခြေသို့ ခိုးဝင်ရန် ကြိုးပမ်းစဉ် စပိန်ရဲများက ၎င်း၏ လေမွေ့ရာကို လေလျှော့လိုက်သည့်အတွက် ခိုးဝင်ရန်ကြိုးစားသူ ရေနစ်သေဆုံးသွားရသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ စပိန်ရဲတပ်ဖွဲ့ဝင် သုံးဦးကို လူသတ်မှုဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။

လျူကလောင်ဆန်ကိုနှင့် အခြားအာဖရိကတိုက်သား သုံးဦးကို စပိန်ကမ်းခြေစောင့်တပ်ဖွဲ့က ၂၀၀၇ ခုနှစ် စက်တင်ဘာလက စပိန်ကမ်းခြေအနီးတွင် ကြားဖြတ်ဟန့်တားစဉ် အဆိုပါ အဖြစ်အပျက် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်မှု ငါးနှစ်ပြည့်သော်လည်း အီရတ်ပြည်သူတို့ဘဝမှ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရဆဲဖြစ်သည်။ [ပုံတွင် ဘဂ္ဂဒက်မြို့ လေတပ်ဌာနချုပ်ဟောင်းနေရာတွင် ဖြစ်သလိုတဲထိုးနေထိုင်ရသည့် ဒုက္ခသည်အိမ်အချို့ကို မတ် ၁၉ ရက်ကတွေ့ရစဉ်။] *(ဓာတ်ပုံ–အင်တာနက်)*

အီရန်၌ ဘတ်စ်ကားနှင့် လောင်စာတင်ကားတိုက် ကျောင်းသား ၂၂ ဦး သေဆုံး

တီဟီရန် မတ် ၁၉

အီရန်အနောက်တောင်ပိုင်း၌ လောင်စာတင်ဘောက်ဆာနှင့် ဘတ်စ်ကားတို့ တိုက်မိရာ အီရန် ကျောင်းသား ၂၂ ဦး သေဆုံးကြောင်း အီရန်သတင်း၌ မတ် ၁၆ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

ကဇက်စတန်ပြည်နယ် လမ်းမကြီးပေါ်တွင် မတ် ၁၅ ရက် နှောင်းပိုင်းက လောင်စာတင်ဘောက်ဆာနှင့် ဘတ်စ်ကားတို့ တိုက်ခဲ့ကြောင်း၊ ဘတ်စ်ကားပေါ်တွင် မတ်ချ်ဟက်ဒ်မြို့ နေရပ်သို့ပြန်လာကြသော တက္ကသိုလ်ကျောင်းသားများ လိုက်ပါလာကြောင်း သတင်း၌ ဖော်ပြသည်။ ယာဉ်နှစ်စီးတိုက်မိပြီး ပေါက်ကွဲမှုဖြစ်ကာ မီးလောင်သွားပြီး စီးနင်းလာသူများပါ လောင်ကျွမ်းသွားသည်။ ထို့အပြင် ဒဏ်ရာရရှိသူ ခုနစ်ဦးလည်းရှိကြောင်း ဖော်ပြထားသည်။

အခင်းဖြစ်ပွားချိန်က လောင်စာတင်ကား၏ ယာဉ်မောင်းသည် ငိုက်နေပြီး အရှိန်ပြင်းစွာ မောင်းနှင်ခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်ရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ တောင်ပိုင်း ယာလာပြည်နယ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသောနေရာကို မတ် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂျပန်၌ ကလေးငယ်များကို စွန့်ခွာထားခဲ့သည့်မိခင်ကို ဖမ်းဆီး

တိုကျို မတ် ၁၉

ဂျပန်နိုင်ငံတွင် ကလေးများကို ပြုစုစောင့်ရှောက်ရသဖြင့် ငြီးငွေ့ကာ နေအိမ်မှထွက်သွားသော မိခင်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ ၎င်း၏ ကလေးသုံးဦးစလုံးသည် အသက် ခြောက်နှစ်အောက်အရွယ်များ ဖြစ်ပြီး ကလေးများသည် မိခင်မရှိဘဲ နေအိမ်တွင်း၌ ၁၀ရက်ကြာ နေထိုင်ခဲ့ရာ တစ်ဦးသေဆုံးခဲ့သည်ဟု ရိုက်တာသတင်း၌ ဖော်ပြသည်။

အသက် ၂၉ နှစ်ရှိ မိဂုမိရှိမာမူရာသည် ၎င်း၏ ရင်သွေးများကို အိမ်၌ထားခဲ့ပြီး စွန့်ခွာသွားသူဖြစ်ကြောင်း တိုကျိုမြို့ မြောက်ပိုင်းဆိုင်တာမာဒေသ ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ မတ် ၁၅ ရက်တွင် ပြောကြားသည်။

အကြောင်းကြား

အိမ်ထောင်ကွဲနေသူ ရှီမာမူရာသည် ကလေးများကို သွားရောက်စောင့်ရှောက်ပေးရန် မတ် ၁၄ ရက်က ၎င်း၏မိဘများကို အကြောင်းကြားခဲ့ကြောင်း သတင်းစာ၌ ဖော်ပြထားသည်။

၎င်းတို့သည် ကလေးများကို သွားရောက်ကြည့်ရှုသောအခါ အသက်နှစ်နှစ်ရှိ သားငယ်ကန်တာမှာ အိပ်ရာပေါ်တွင် သေဆုံးနေသည်ကို တွေ့ရှိရသည့်အပြင် ၎င်းအမြွာညီအစ်မမှာ အားပြတ်နေသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ အသက်ခြောက်နှစ်အရွယ်ရှိ အမြွာ၏အစ်ကိုသည် အသက်အန္တရာယ် ထိခိုက်မှုမျိုး မဖြစ်ခဲ့ပေ။

၎င်းသည် ရင်သွေးများအား ထိန်းကျောင်းရသည်ကို စိတ်ရှုပ်ထွေးမှု ဖြစ်လာသဖြင့် ကလေးများကို စွန့်ခွာ၍ သွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့သို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ရှိ လက်နက်ကိုင်များအား အီရန်က အကူအညီပေးနေဟု ဂျော်ဒန်နိုင်ငံ သတင်းစာရှင်းလင်းပွဲ၌ မက်ကိန်းစကားပြောမှား၍ ပြန်ပြင်ပြောရ

ဝါရှင်တန် မတ် ၂၀

ရီပတ်ဘလီကန်ပါတီမှ အမေရိကန်သမ္မတလောင်းယှဉ်ပြိုင်မည့်သူ ဂျွန်မက်ကိန်းသည် ၎င်း၏နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ နိုင်ငံများအကြားတွင် သိရှိကြစေရန် အကြိုသဘောဖြင့် အရှေ့အလယ်ပိုင်းတစ်ခွင်ခြေဆန့်ကာ ရှင်းလင်းလျက်ရှိသည်။ ထိုသို့ဆောင်ရွက်စဉ် ၎င်းသည် အီရန်က အီရတ်ရှိ လက်နက်ကိုင်များကို အကူအညီပေးနေသည့် ကိစ္စနှင့်ပတ်သက်၍ မတ် ၁၈ ရက်က စကားပြောမှားခဲ့သည်။

မက်ကိန်းသည် ဂျော်ဒန်မြို့တော် အာမန်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် စကားပြောမှားသွားခြင်းဖြစ်သည်။ အီရန်သည် အီရတ်ရှိ ဆွန်နီအစွန်းရောက်အယ်လ်ခိုင်ဒါများအား အထောက်အပံ့ပေးသည်ဟု မှားယွင်းပြောကြားခဲ့သည်။

အမေရိကန်အုပ်ချုပ်ရေးပိုင်းက ထိုကိစ္စနှင့်ပတ်သက်၍ လက်ခံထားသည်မှာ မက်ကိန်းပြောသကဲ့သို့ မဟုတ်ပေ။ အီရန်တို့သည် အီရတ်ရှိရှီးယိုက်များအား လေ့ကျင့်ပေးပြီး လက်နက်စသည်များပံ့ပိုးပေးနေသည်ဟု ယေဘုယျလက်ခံထားကြသည်။

မက်ကိန်းက အထက်ပါစကားများပြောကြားနေစဉ် ၎င်းနှင့်အတူခရီးစဉ်၌ လိုက်ပါလာသူ ဆီနိတ်တာဂျိုးလီဘာမင်က မက်ကိန်းအား စကားမှားနေကြောင်း ခပ်တိုးတိုးသတိပေးလိုက်မှ မက်ကိန်းသည် ၎င်းစကားအမှားကို အလျင်အမြန် ပြန်ပြင်ပြောရသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဝက်စ်ကွန်ဆင်ပြည်နယ် အနောက်မြောက်ပိုင်းရှိ ဓာတုဗေဒ စက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွားရာ အဝေးမှ တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကွန်ဂိုအနောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ် ၆၈ ဦးသေဆုံး

ကင်ရှာဆာ မတ် ၁၉

ဒီမိုကရက်တစ်ကွန်ဂိုသမ္မတအစိုးရတပ်ဖွဲ့က နိုင်ငံအနောက်ပိုင်း ဘတ်စ်ကွန်ဂိုပြည်နယ်ရှိ ခွဲထွက်ရေးသမားများအား နှိမ်နင်းဖြိုခွင်းခဲ့ရာ ရက်သတ္တနှစ်ပတ်အတွင်း လူ ၆၈ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းများအရ သိရှိရသည်။

ဖေဖော်ဝါရီ ၂၈ရက်မှစတင်၍ ရာချီရှိသည့် ကွန်ဂိုစစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များက နိုင်ငံရေးနှင့်ဘာသာရေးလှုပ်ရှားမှုအဖွဲ့ ဘန်ဒူဒိုင်ယာကွန်ဂို(ဘီဒီကေ) အဖွဲ့ဝင်များအား လူဇိဒေသတွင် တိုက်ခိုက်ခဲ့သည်။

ဘီဒီကေက ကွန်ဂိုဘုရင့်နိုင်ငံ ထူထောင်ရေးအတွက် လှုပ်ရှားနေသည့်အဖွဲ့ဖြစ်သည်။

လူဇိတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်ပြီးနောက် တိုက်ခိုက်မှုများ တစ်မြို့မှတစ်မြို့သို့ ကူးစက်လာခဲ့သဖြင့် ရဲတပ်ဖွဲ့က ဘီဒီကေစစ်သွေးကြွများနောက်သို့လိုက်ကာ တိုက်ခိုက်ခဲ့ကြသည်။ ဘတ်စ်ကွန်ဂိုဒေသတွင် လုံခြုံရေး ပြန်လည်ရရှိရေးအတွက် ကွန်ဂိုအစိုးရက ယင်းသို့ ဆောင်ရွက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း မြို့ကြီးသုံးမြို့တွင် နောက်ထပ် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ဘီဒီကေစစ်သွေးကြွ သုံးဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကိုလံဘီယာနိုင်ငံ ကာရစ်ဘီယံကမ်းခြေရှိ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု များပြားသည့် ရှေးဟောင်း ကာတာဂျီးနားမြို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့က ကယ်ကွတ်တွင် မှားယွင်းပစ်ခတ် အီရတ်ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၀

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်ဒေသတွင် မတ် ၁၉ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ မှားယွင်းပစ်ခတ်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားပြီး တစ်ဦး ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်သတင်းက ဖော်ပြသည်။

ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း ၁၅၅မိုင်အကွာ ကယ်ကွတ်ရှိ ကန့်သတ်သတ်မှတ်ထားသော နယ်မြေအတွင်း အီရတ်ရဲတပ်ဖွဲ့ယာဉ်သည် အရှိန်ပြင်းစွာ မောင်းနှင်ဝင်ရောက်လာသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုကဲ့သို့ မှားယွင်းပစ်ခတ်မှုမျိုး ပေါ်ပေါက်ခဲ့ရသည့် အတွက်မိမိတို့အနေဖြင့် လွန်စွာစိတ်မကောင်းဖြစ်ရကြောင်း အမေရိကန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးအထူးတပ်ဖွဲ့ဝင် မီဂန်ဘာမီစတာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

ပြင်သစ်ရဲက ပါရီဆင်ခြေဖုံးတွင် စီးနင်းရှာဖွေ ၁၆ ဦးဖမ်းဆီး

ပါရီ မတ် ၁၉

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ ဆင်ခြေဖုံးဒေသတွင် လွန်ခဲ့သည့်လက တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး အရာရှိလေးဦး ဒဏ်ရာရရှိခဲ့ပြီးနောက် ရာချီရှိသည့် ပြင်သစ်ရဲတပ်ဖွဲ့ဝင်များက ယင်းဒေသရှိ နေအိမ်များကို တနင်္လာနေ့က ရှာဖွေမှုများ ပြုလုပ်ကာ လူ ၁၆ ဦးကို ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ တနင်္လာနေ့စောစောပိုင်းက လူငယ်ကိုးဦး ဖမ်းဆီးခဲ့သည်။

ရဲအရာရှိလေးဦး သည် မုန့်ဖုတ်သူတစ်ဦး၏ ဆိုင်အနီးတွင် စုရုံးနေသည့် လူတစ်စုနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အဆိုပါအုပ်စု၏ တိုက်ခိုက်မှုကြောင့် အရာရှိသုံးဦးမှာ မျက်နှာများတွင် ဒဏ်ရာရရှိခဲ့သဖြင့် ယခုကဲ့သို့ ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဥရောပ၌ ဒုံးကျည်ဖြန့်ကြက်မည့် အစီအစဉ် အမေရိကန်နှင့် ရုရှား သဘောတူညီမှုမရရှိ

မော်စကို မတ် ၁၉

ဥရောပအရှေ့ပိုင်းတွင် ဒုံးကျည်ကာကွယ်ရေးအစီအစဉ်အချို့ဖြန့်ကြက်မည့် အမေရိကန်၏အစီအစဉ်ကို ရုရှားနှင့် အမေရိကန်တို့က သဘောတူညီမှုမရှိဘဲ ကွဲလွဲနေကြရာ ယင်းပြဿနာကြောင့် စစ်အေးကာလလွန်တွင် ယင်းနှစ်နိုင်ငံ၏ ဆက်ဆံရေးအခြေအနေသည် ကျဆင်းနေကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေး အစီအစဉ်အပေါ် ရုရှား၏စိုးရိမ်မကင်းဖြစ်မှု လျော့ပါးသက်သာစေရန် ရည်ရွယ်၍ အမေရိကန်၏ နောက်ထပ်အဆိုပြုချက်များကို လေ့လာရန်အတွက် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်တို့ မော်စကိုဆွေးနွေးပွဲတွင် သဘောတူညီခဲ့သည်ဟု ပြောကြားသည်။

သို့ရာတွင် ယင်းအဆိုပြုချက်နှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးမှုသည် ခြောက်လနီးပါးပင် ကြာမြင့်နေပြီဖြစ်ပြီး အမေရိကန် သမ္မတဂျော့ဂျ်ဘုရှ်၏ ရာထူးသက်တမ်း မကုန်ဆုံးမီ သဘောတူညီချက် ရရှိမည့် အချိန်သည် နည်းပါးနေပြီဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက်၏ မူဝါဒသည် ပြောင်းလဲမှုမရှိဟု ရုရှားကာကွယ်ရေးဝန်ကြီး အနာတိုလီဆာဒီယူကော့ဗ်က ရိုက်ဇ်နှင့်အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်တို့ ခြောက်နာရီကြာဆွေးနွေးပြီးနောက် ပြောကြားသည်။

အမေရိကန်က ရေဒါနှင့် ဒုံးကျည်စခန်းကို ပိုလန်နိုင်ငံနှင့် ချက်သမ္မတနိုင်ငံတွင် ထားရှိလိုသည်။ ရည်ရွယ်ချက်မှာ အီရန်ကဲ့သို့သော နိုင်ငံများမှ ဒုံးကျည်ဖြင့်တိုက်ခိုက်မှု အန္တရာယ်ကို ကာကွယ်ရန်ဖြစ်သည်။

ရုရှားက ယင်းအစီအစဉ်သည် ရုရှားနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်စေပြီး စစ်အေးကာလက ပေါ်ပေါက်ခဲ့သည့် လက်နက်တပ်ဆင်မှု အနေအထားသို့ ပြန်လည်ရောက်ရှိစေကြောင်းပြောကြားကာ ဆန့်ကျင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်စစ်ပွဲ ငါးနှစ်မြောက်အထိမ်းအမှတ်အဖြစ် ဆန်ဖရန်စစ္စကိုမြို့တွင် ကန့်ကွက်ဆန္ဒပြသူများကို မတ် ၁၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အသေခံဗုံးဖောက်ခွဲခဲ့မှု ၄၃ ဦးသေဆုံးပြီး ၇၀ ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၁၉

အီရတ်နိုင်ငံ ရှီးယိုက်လူမျိုးများနေထိုင်ရာ ကာဘာလာမြို့တွင် တနင်္လာနေ့က အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားရာ သေဆုံးသူဦးရေသည် ၄၃ ဦးအထိရှိလာပြီး လူ ၇၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နောက်ဆုံးရရှိသော သတင်းများအရ သိရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကာဘာလာကျန်းမာရေးရုံးမှ အကြီးအကဲဖြစ်သူ အလာဟမ်မုက လူ ၄၃ ဦးသေဆုံးပြီး ၇၃ ဦးဒဏ်ရာရရှိသည်ဟု စောစောပိုင်းက ပြောကြားသည်။ အသေခံဗုံးဖောက်ခွဲသူ အမျိုးသမီးတစ်ဦးက လူစည်ကားရာကော်ဖီဆိုင်တွင် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

သေဆုံးသူများတွင် အီရန်လေးဦး ပါဝင်ပြီး အခြားရှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သည်။ သို့ရာတွင် ကာဘာလာရဲတပ်ဖွဲ့မှ အကြီးအကဲဖြစ်သူ ဂိုရာကာဂျော်ဒက်က အသေခံဖောက်ခွဲသည့် ဗုံးမှာ အိမ်လုပ်ဗုံးဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရွှက်နုဆင့်လောင်း မိန်ရာသီ လတပေါင်း

ခိုင်ရွှေဝါ

တကူကူ လေသံနှော
ရွှေဥသြ ငှက်သံ
မြေကျလျှော သက်ပြန်တယ်
ရွှက်ဖန်ဖန် ကြွေပြောင်း။
ဖူးငုံဆင့် ပင်ထက်မှာ
စဉ်လျက်သာ ရွှက်နုဆင့်လောင်း။
အင်ကြင်းနှင့် ရွှေဖီငယ်
မြေမဟီ ပွင့်ကြောင်း။
ကာဠုဒါ ညွှတ်ပြောင်းလို့
ခွင့်တောင်းချက် တင်ရာ
မြတ်ရှင်ပင် တပေါင်းရက်မို့
အကြောင်းဆက် မြန်းကြွလေတာ၊
ဘဒြပိုဒ် ဥတ္တရာငယ်
နက္ခတ္တာ တွက်ဆလို့
ဒွတ္တိံသ ညဉ့်နာရီ
နေ့အဋ္ဌဝီ
သာယာတဲ့ မိန်ရာသီငယ်
ချိန်ခါညီ မှတ်တမ်းမို့လေး။ ။

တပေါင်းလ၏ရာသီပွဲတော်ကား သဲပုံစေတီပွဲတော်အဖြစ် ရှေးပညာရှိကြီးများ သတ်မှတ်ခဲ့သော ပွဲတော်ဖြစ်သည်။ တပေါင်းလတွင် သဲသောင်ပြင်များ ဖြစ်ထွန်းနေသောကြောင့် သဲကိုစုပုံ၍ စေတီအသွင်အပြင်ပြုကာ ပူဇော်ပွဲကျင်းပကြခြင်းဖြစ်သည်။ ရှေးကာလက သဲကို စုပုံ၍ စေတီပွဲပြုလုပ်ကြသော်လည်း ယခုအခါ သဲကို မစုမပုံတော့ဘဲ အုတ်စေတီ၊ ကျောက်စေတီများ၌ ပူဇော်ပွဲကျင်းပကြသည်။ ပူသော နွေဥတုရာသီသို့ သက်ဆင်းလျက် သွားတတ်သောကြောင့် တပေါင်းလ မည်သည်ဟုဆိုသော တပေါင်း၌ပင် ကမ္ဘာဦးအစကာလမှာ နေ၊ လ၊ နက္ခတ်၊ ကြယ်၊ တာရာများ စတင်ပေါ်ပေါက်လာကြသည်။

ပထမနေမင်းကြီး ထွက်ပေါ်လာပြီးနောက် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ဆန္ဒအရ ညဉ့်အခါ မှောင်အတိကျနေ၍ "ယခု မှောင်နေသည်ဖြစ်ပါ၍ အလင်းရောင်ဆောင်သော ရွှေလမင်းကြီးပေါ်ပေါက်လာပါလျှင် အလွန့်အလွန် ကောင်းမှာပဲ၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဆန္ဒများဟာ ပြည့်ဝလာမှာပါပဲ"ဟု စိတ်ဆန္ဒဖြစ်ပေါ်လာကြ၍ "စန္ဒ၊ ဆန္ဒ"နှစ်မည်ရသော ငွေစန္ဒာရွှေလမင်းကြီး ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ နေလတို့ ပေါ်ပေါက်လာပြီးနောက်၌ ကြယ်၊ တာရာ၊ နက္ခတ်များ ဖြစ်ထွန်းပေါ်ပေါက်လာကြသည်။ တပေါင်းလ၌ ထန်းပင်မှထွက်သော ထန်းနို့ရည်၊ ထန်းရည်များကို ကျိုချက်ပါလျှင် တင်လဲရည်၊ ထန်းလျက်ခဲ၊ ထန်းလျက်ဖြူဆုပ်များ ဖြစ်လာသည်။ ထန်းရည်ကျိုပြီး ထန်းလျက်ချက်သည်ကို အစွဲပြု၍ ထန်းလျက်ချက်သောလဟု ဆိုကြသည်။ ဤသည့် တပေါင်းလ၌ လွမ်းမောဖွယ်ရာ ရွှေဥသြငှက်သံကလည်း တကူကူလေသံနှောပြီး သာယာသော သဘောရှိသည်။ သစ်ပင်များမှာလည်း ရွှက်ဟောင်းကြွေကျ မြေမှာ ခပြီး ရွှက်သစ်များထွက်၍ ဖူးကြ၊ ငုံကြ၊ ပွင့်ကြ၊ သီးကြသည်။

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အားထားရာ ဘုရားမြတ်စွာသည် ဣသိဂိလိတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ဝေဘာရတောင်၊ ဝိပုလတောင်ဟူသော တောင်ငါးလုံးကာခိုသည့် ရာဇဂြိုဟ်နေပြည်တော်၊ ဝါးတောများ ခြံရံလျက်ရှိသည့် ဝေဠုဝန်ကျောင်းတော်၌ သွား၊ ရပ်၊ ထိုင်၊ လျောင်း လေးပါးပေါင်းဖြင့် မညောင်းမညာ၊ သာယာရွှင်ပြုံး၊ သီတင်းသုံးတော်မူလျက် အင်္ဂတိုင်းသားများနှင့် မဂဓတိုင်းသားများအား တရားဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးဟောကြား ဆုံးမစကားမိန့်ကြားလျက် ရှိနေပါသည်။

ဤသတင်းစကားကို ခမည်းတော် သုဒ္ဓေါဓနမင်းကြီး ကြားသိရသဖြင့် မိမိလည်း တရားတော်များနာကြားလိုသည့်အပြင် ဘုရားရှင်အား ဖူးမြင်လိုသော အာသာဆန္ဒပြင်းပြလာပါသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ခေါင်းဆောင်အမတ်ကြီး ဆယ်ဦးတို့ကို နောက်ပါအခြံအရံ တစ်ထောင်စီဖြင့် ဆယ်ကြိမ်ခဲ့ကာ ရာဇဂြိုဟ်သို့စေလွှတ်၍ ဘုန်းတော်ကြီးမားရှင်တော်မြတ်ဘုရားကို ပင့်စေပါသည်။ နောက်ဆုံးအသုတ်ကို ကာဠုဒါယီအမတ်ကြီးက ခေါင်းဆောင်ပါသည်။ ဘုရားရှင်ကို ဖူးတွေ့ပြီး တရားတော်များကို နာကြားရသောအခါ ဘုရားပင့်သွားသူအားလုံး သာသနာ့ဘောင်တွင် ဧဟိဘိက္ခုရဟန်းတွေချည်းဖြစ်တော်မူကြပြီး ကပိလဝတ် နေပြည်တော်သို့ မပြန်ကြတော့ချေ။

ကာဠုဒါယီမထေရ်မှာမူ ရဟန္တာဖြစ်ပြီးနောက် တပေါင်းလ၏ သာယာလှပုံ အဖုံဖုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာဖြင့် တပေါင်းလပြည့်နေ့တွင် ဘုရားရှင်အား လျှောက်ထားသည်။ ခမည်းတော်၏ မွေးကျေးဇူးကို သိရှိတော်မူသောအားဖြင့် ဖွားရာမြေ၊ ဖွားရာဇာတိ၊ ကပိလဝတ်နေပြည်တော်သို့ ကြွချီချိန်တန်ပါကြောင်းကို လျှောက်ထားတောင်းပန်ပါသည်။

ဂေါတမမြတ်ဘုရားသည် ဖွားဖက်တော် ကာဠု ဒါယီမထေရ်၏ လျှောက်ထားတောင်းပန်ချက်အရ ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ်(၁၀၃)ခု တပေါင်းလပြည့်ကျော် ၁ရက်နေ့တွင် တောင်ငါးလုံးကာခို မြို့ရာဇဂြိုဟ်မှ ယူဇနာခြောက်ဆယ် ကွာဝေးသော ကပိလဝတ်ရွှေချက်တော်သိုရာ နေပြည်တော်မဟာသို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်းခြောက်ဆယ်ကြာမျှ ဒေသစာရီ ကြွချီတော်မူပါသည်။

ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူခြင်းဖြင့် သာသနာတော်သမိုင်းတွင် ထင်ရှားသော အကျိုးဆက်များ ပေါ်ထွန်းလာရသည်။ နိဂြောဓာရုံ ကျောင်းတော်ကြီး ပေါ်ပေါက်လာရသည်။ သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကို နှုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿ ကြာဖက်မိုးကိုလည်း ရွာသွန်းစေတော်မူသည်။ ဝေဿန္တရာဇာတ်၊ မဟာဓမ္မပါလဇာတ်၊ စန္ဒကိန္နရီ ဇာတ်တော်များနှင့် ဗုဒ္ဓဝင် ဒေသနာတော်တို့ကိုလည်း နာကြားကြရသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်၍ မိထွေးတော် ဂေါတမီ သောတာပန်ဖြစ်သည်။ သားတော်ရာဟုလာနှင့် သာကီဝင် မင်းသားတစ်ထောင်တို့ သာသနာ့ဘောင်ဝင်ရောက်ကြသည်။ ဤသည်တို့မှာ တပေါင်းလပြည့်နေ့မှ ဖြာထွက်လာသော သာသနာ့အလင်းရောင်များဟု ဆိုနိုင်ပါသည်။

တပေါင်းလ မိန်ရာသီ။
ဖြူသယောင် မြူမှောင်သို့
လွမ်းဖို့ ဖန်ပြီ။
ရွှက်သစ်နှောလို့ ရွှေဥသြတွန်သံချီ
သဲစေတီအောင်ပွဲ။
ပွင့်ပေါင်းငယ်စုံ-သာယာပုံဖော်ကာ မပြနိုင်ဘူး။
သော်တာလစန္ဒီနှင့် သရဖီ ဖဂ္ဂုပန်းငယ် မြန်းကြွကူတွဲ။ ။

မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့

* ဗုဒ္ဓဘုရား၊ ဖွားချက်မြှုပ်ရာ
အောင်ချာပြည်မ၊ ကပ္ပိလသို့
မွေးဘသုဒ္ဓေါ်၊ ဖူးမြော်လိုရှာ
ကြွလာစေလို၊ ရာဇဂြိုဟ်သို့
အမတ်တို့အား၊ သွားပင့်ချေကြ
ဗုဒ္ဓနှင့်တွေ့၊ ပြန်ရန်မေ့၏
ဧဟိဘိက္ခုရဟန်းပြုကြလေကုန်သတည်း။
* ဂေါတမဗုဒ္ဓေါ၊ ဖွားမြေဌာန
ကပ္ပိလသို့၊ ပြန်ကြွစေကြောင်း
ဖန်ဖန်တောင်းရာ၊ ကာဠုဒါယီ
မထေရ်ညီလှ၊ ပင့်လျှောက်မှုသာ
မဟာသက္ကရာဇ်၊ ခုနစ်တစ်ရာ့သုံး
ဟေမာန်ဆုံးစ၊ တပေါင်းလတွင်
ရှင်ပင်ဗုဒ္ဓ၊ ကပ္ပိလသို့
မြန်းကြွ လိုက်လျောခဲ့လေသည်။
* ရှင်တော်ဗုဒ္ဓ၊ ကြွရာလမ်းမှာ
ဝဲယာတစ်ခွင်၊ တောင်ထိပ်ပြင်ဝယ်
ငှက်ငယ်ရှုမငြီး၊ အမြီးကိုထောင်
အတောင်ကိုကော့၊ ဦးလည်မော့၍
ကြော့မော့ရွှင်ဖြိုး၊ တင့်စနိုးလျှင်
မြူးရွှင်ခုန်က၊ ရှုမဝနိုင်
လှပကြည်နူးဖွယ်တကား။
* ပြည်တော်ဝင်ဗုဒ္ဓ၊ ဂိမာန်နဝယ်
သာလှပျော်မှု၊ မြနုပုရစ်ဦး
ရွှက်သစ်ဖူးဆဲ၊ သန္တာခဲသို့
ရဲရဲပြောင်ဝင်း၊ တောလုံးလင်းထိန်
သနင်းလူနတ်၊ မြတ်စွာအရှင်
ပြည်တော်ဝင်နေ့၊ လပြည့်တပေါင်း
အခါကောင်းသည်၊ သာပေါင်းစုံကြွယ်
တင့်တယ်ရွှန်းမြလှတော့၏။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ဆရာကြီးဦးသန်းရွှေ(ဒလ-အုံ့ကြီး)၏ တရားပွဲများ

ရန်ကုန် မတ် ၂၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဒလ-အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က ပြည်ပသာသနာပြုခရီးစဉ်ကို မတ် ၂၂ရက်မှ ထွက်ခွာ၍ ပြည်တွင်းတရားပွဲစခန်းများကို လက်ထောက်ဆရာများနှင့်အတူ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီဓမ္မာရုံကြီးတွင် မတ် ၂၃ ရက်မှ ၂၉ ရက်ထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိ လည်းကောင်း၊ ဗိုလ်တထောင်စေတီတော်ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် နေ့တရားစခန်းကို ဧပြီ ၁ ရက်မှ ၇ ရက်အထိ နံနက် ၇ နာရီမှ ညနေ၄ နာရီခွဲအထိ လည်းကောင်း၊ စမ်းချောင်းမြို့နယ်မြေနီကုန်း အောင်တော်မူလမ်းနှင့် ကျောင်းလမ်းထောင့်ရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းရှိ သာသနာ့ဗိမာန် ဓမ္မာရုံကြီးတွင် ဧပြီ ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအထိလည်းကောင်း ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)၏ ဧပြီလ တရားပွဲများ

ရန်ကုန် မတ် ၂၀

ဒဂုံမြို့သစ်တောင်ပိုင်း (၅၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ ခင်မကန်တိုက်၏ ဦးစီးပဓာနနာယက သာသနာပြုနယ်လှည့်ဓမ္မကထိက စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)သည် မတ် ၂၈ ရက်နှင့် ၂၉ ရက်တွင် ဘိုကလေးမြို့၊ မတ် ၃၀ ရက်နေ့တွင် အင်းစိန်၊ ကြို့ကုန်း၊ ညနေဆည်းဆာ သန်လျင်မြို့၊ မတ် ၃၁ ရက်တွင် သန်လျင် ကရင်ဆိပ်၊ ဧပြီ ၁ ရက် ည ၇ နာရီ ကျောက်မြောင်း သြဘာလမ်း၊ ည ၉ နာရီတွင် ဒဂုံအရှေ့ရပ်ကွက်၊ ဧပြီ ၂ရက်တွင် ဒေါပုံ ဇေယျာသီရိရပ်ကွက်၊ ဧပြီ ၃ ရက်တွင် လှိုင်မြို့နယ် နိဗ္ဗာန်လမ်း၊ ဧပြီ ၄ ရက်တွင် လှော်ကား(မလွန်ဆန်လှူ) ရွှေပေါက်ကံမြို့သစ် (၁၅)ရပ်ကွက်၊ ဧပြီ ၅ ရက်တွင် ကျောက်မြောင်း တာမွေ၊ ပုဇွန်တောင်တပ်မြေ၊ ဧပြီ ၆ ရက်တွင် ဒေါပုံမြို့သစ် (ဝါပဆွမ်းလောင်းအသင်း)၊ တောင်ဥက္ကလာပ ဇာနည် (၁၄)လမ်း၊ (ကလေးအထူးတရားပွဲ)၊ ဧပြီ ၇ ရက်တွင် သန်လျင်မြို့ မဇ္ဈိမာရုံရွှေကျောင်း၊ ဧပြီ ၈ ရက်တွင် ကျောက်တန်းမြို့ ကမာကလုတ်ရွာ၊ ဧပြီ ၉ ရက်တွင် သန်လျင် အောင်ချမ်းသာရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက်၊ ဧပြီ ၁၀ ရက်တွင် လှိုင် ၁၂ရပ်ကွက် အောင်ဓမ္မရိပ်သာ၊ ဒေါပုံပြဿဒ်ကျောင်း၊ ဧပြီ ၁၁ရက်တွင် ကြည့်မြင်တိုင် အေးရွာ၊ ဧပြီ ၁၂ရက်တွင် ရန်ကင်း အောင်သုခစာသင်တိုက်၊ ဧပြီ ၁၃ ရက်တွင် ပတ္တမြားမြို့သစ် မြောက်ဥက္ကလာပ ဝေပုလ္လလမ်း၊ ဧပြီ ၁၄ ရက်တွင် အုတ်ကျင်း မဟာဆွေလမ်း၊ ဧပြီ ၁၅ ရက်နှင့် ၁၆ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့ ကဒိုင်ရွာ၊ ဧပြီ ၁၇ ရက်တွင် စမ်းချောင်း၊ ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တွင် နတ္တလင်းမြို့၊ ဧပြီ ၂၀ ရက်တွင် မြောက်ဥက္ကလာပ ဣန္ဒြာ(၉)လမ်းတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဖုန်း-၀၁-၇၀၇၆၅၂၊ ၀၁-၅၉၁၃၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅	၄။ မဟာဂီတ ချိုကြည်မြ
၄:၂၀	၅။ မျိုးချစ်တပ်မတော်
၄:၃၀	၆။ ရှင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၇။ အမျိုးသားရေးတေးကဗျာ
၅:၀၀	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆:၄၅	၁၃။ **(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် ဝေလည်းမွှေး၊ကြွေလည်းမွှေး (ပထမပိုင်း) ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း (ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ မိုးလေဝသသတင်း
	၁၆။ အမျိုးသားရေးတေးကဗျာ
	၁၇။ **(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် ဝေလည်းမွှေး၊ကြွေလည်းမွှေး (ဇာတ်သိမ်းပိုင်း) ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း (ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**
	၁၈။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၉။ သင့်အတွက်မနက်ဖြန်
	၂၀။ အပိတ်နှုတ်ဆက်စကား
	၂၁။ ပြီးပါပြီ။

အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မတ် ၁၅ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျေးရွာပြည်သူများအား တွေ့ဆုံမှာကြားပြီး ကျေးရွာပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မမြရေလှောင်တမံ ဆည်ရေသောက်ဒေသ တူးမြောင်းရေကျ အဆောက်အအုံများမှ ကျေးလက်မီးလင်းရေးအတွက် ပြည်တွင်းဖြစ် အသေးစား ရေအားလျှပ်စစ် စက်ငယ်များ တပ်ဆင်အသုံးပြုမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မမြရေလှောင်တမံ ဆည်ရေသောက်ဒေသ နွေစပါးကေနှစ်ထောင် စိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် ဆည်ရေပေး တူးမြောင်းမှ ဝက်ဘာ၊ ညောင်ခုံ၊ ငါးဖက်ကျ၊ သက်ကယ်ကုန်းနှင့် အုပ်ပုံ ကျေးရွာတို့သို့ ရေအားလျှပ်စစ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးသည် မြန်အောင်မြို့နယ် လက်ပံကွင်း ကျေးရွာတွဲဖက် အခြေခံပညာ အထက်တန်းကျောင်း၌ ကျေးရွာပြည်သူများအား တွေ့ဆုံ၍ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကိစ္စရပ်များ အခြေအနေကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးပြီး ကျေးရွာပြည်သူများ၏ တင်ပြချက်များအပေါ် အထွေထွေအတွင်းရေးမှူးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးသည် မမြရေလှောင်တမံ လက်ယာရေပေး တူးမြောင်းမကြီးပေါ်ရှိ ရေကျအဆောက်အအုံ (၁၉) ခုရှိသည့်အနက် ကျေးရွာများနှင့် နီးစပ်သည့် ရေကျအဆောက်အအုံများကို အသေးစား ရေအားလျှပ်စစ်စက်များ တပ်ဆင်၍ မီးအသုံးပြုမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သကြၤန်တွင်း အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၀

အင်းစိန်မြို့ ဇယမင်္ဂလာကျောင်းတိုက် ရွှေရင်အေးမဟာစည်ရိပ်သာတွင်(၁၃၆၉ ခု တန်ခူးလဆန်း ၃ရက်) ဧပြီ ၈ရက်မှ စ၍ (တန်ခူးလဆန်း ၁၃ ရက်) ဧပြီ ၁၈ရက်အထိ သင်္ကြန်တွင်းအထူးတရားစခန်းပွဲကို ရွှေရင်အေးဆရာတော် ကိုယ်တိုင် ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ အနေဖြင့် ရွှေရင်အေးသာသနာ့ရိပ်သာတွင် စာရင်းများ ပေးသွင်းနိုင်ကြောင်း၊ စာရင်းပေးသွင်းထားသော ယောဂီများသည် မိမိသုံးစွဲနေကျ ဆေးဝါးပစ္စည်း အသုံးအဆောင်များနှင့် အိပ်ရာလိပ်၊ ခြင်ထောင်များယူဆောင်ပြီး ဧပြီ ၇ ရက် ညနေ ၅ နာရီအရောက် လာရမည်ဖြစ်ပြီး နေရာအခက်အခဲကြောင့် ယောဂီဦးရေ ကန့်သတ်ထားသည့်အပြင် တရားစခန်းဝင်ကြေး ပေးသွင်းရန်မလိုကြောင်း တရားစခန်းဖြစ်မြောက်ရေးဂေါပကအဖွဲ့မှ အသိပေးဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် နှင်းဆီကုန်းလမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးမြနှင့် မိခင် ဒေါ်သန်းညွန့်တို့အား ရည်စူး၍ ဦးမျိုးဝင်း-ဒေါ်အေးငြိမ်းနှင့် ညီအစ်ကိုမောင်နှမ မိသားစုများက အလေးချိန် တစ်ကျပ် ၁၂ ပဲ ခြောက်ရွေး တန်ဖိုးငွေကျပ် ၁၃၀၀၀၀ ခန့်ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးမြသိန်း(အလှည့်ကျသဘာပတိ)၊ ဦးစိန်ဦး၊ ဦးတင်ဦးနှင့် ဦးလှမင်းတို့ လက်ခံယူစဉ်။ (က-ပ)

ပုပ္ပားစကားဝါမြေ ဆရာတော်၏တရားပွဲများ

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်၏ နာယက၊ စာချ သာသနာပြုနယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တ ပညာဝံသသည် မတ် ၂၁ ရက်တွင် လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက်ရှိ ကြခင်းပရိယတ္တိစာသင်တိုက်၏ ဓမ္မပူဇာပွဲ၊ ဧပြီ ၃ ရက်တွင် ပြည်မြို့နယ် လက်ပံပုကျေးရွာ၊ ဧပြီ ၄ ရက်တွင် ညောင်ပင်သာကျေးရွာ၊ ဧပြီ ၅ ရက်တွင် ပေါင်းတလည် ဝန်တင်ဆိပ်ကျေးရွာရှိ မင်္ဂလာအေး ကျောင်းတိုက်၏ ပဋ္ဌာန်းအောင်ပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

အရှင်နန္ဒာသိရီ(ရေဦး) ဆရာတော် တရားပွဲ

ရန်ကုန် မတ် ၂၀

မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက် မိုးကုတ်ရိပ်သာပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရ ဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီသည် မတ် ၂၃ ရက်မှ ၂၉ ရက်အထိ အဖွဲ့ခွဲ (၄၁၉) အသင်းကျောင်း သုံးဆယ်မြို့၊ ဧပြီ ၁ ရက်မှ ၁၇ ရက်အထိ အဖွဲ့ခွဲ(၄၃၁) ဘဲရမ်းရွာ မုဒုံမြို့ (သင်္ကြန်အထူးပွဲ)၊ ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ ညောင်ဝိုင်းရွာ လက်ပံတန်းမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၉၀၀၅၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပဲခူးတိုင်း မိုးညိုမြို့နယ် ထိန်တောမြို့နေ (ဦးချော)-ဒေါ်တင်ရွှေ သား၊ သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို မိုးမိတ်အနုနာယကဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးသိန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်များ ရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ မွန်မြတ်သောစေတနာဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာမှ ၂၀၀၈ ခုနှစ် ဇန်နဝါရီအထိ ငွေပဒေသာပင် ကျပ်သုံးသောင်းနှင့်အထက် စိုက်ထူလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား (၃၂)ကြိမ်မြောက် ငွေပဒေသာပင်အလှူ ရေစက်ချပွဲနှင့် ဂုဏ်ပြုညှော်ခံပွဲကို မတ် ၂၂ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အလှူရှင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိကို ဖုန်း-၅၄၁၇၉၆၊ ၅၄၁၇၉၇ သို့ ဆက်သွယ်ပြန်ကြားပေးရန် အမှုဆောင်အဖွဲ့က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

အဆင့်မြင့်(မင်္ဂလာဈေး)အထူးဈေးရောင်းပွဲတော် ဖွင့်လှစ်

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေသရဖူမိသားစု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်ကျင်းပသော အဆင့်မြင့် (မင်္ဂလာဈေး) အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အရှေ့ပိုင်းခရိုင် ခရိုင်မှူး ဦးမောင်မောင်အေးနှင့် ရွှေသရဖူ မိသားစု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နွဲ့မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် အလှကုန်ပစ္စည်းများ၊ ခေတ်မီဆန်းသစ်သော အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများကို ပွဲတော်လာ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် မတ် ၁၉ရက်မှ ၂၃ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ပြခန်းပေါင်း ၂၀၀ကျော်ဖြင့် ဖွင့်လှစ်ပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မတ် ၁၈ ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် အလှူငွေပေးအပ်ပွဲ ကျင်းပရာ အလှူရှင်အလုပ်သင်ဆရာဝန်ဟိန်းသူအောင်၊ အလုပ်သင်ဆရာဝန် အိကိုကိုတို့က ငွေကျပ် ၁၁၅၀၀၀၊ သဇင်နွယ်ဆေးခန်း ဦးအောင်ကြည်-ဒေါ်အုန်းခင် မိသားစုက ငွေကျပ် ၆၄၀၀၀၀၊ United Pharma Co.,Ltd က ငွေကျပ် ၂၄၀၀၀၀၊ Online Donation Group က ငွေကျပ် ၇၀၀၀၀၀ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၂၃)

❀ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တ အဂ္ဂိယအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ရေစက်သွန်းချ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

သဲအင်းဂူ(မော်ဘီ) သကြ်

သဲအင်းဂူ(မော်ဘီ)သကြ်န်အထူး
ကိုးရက်တိုင် ကျင်းပမည်ဖြစ်ရာ တရားစ
လာရောက်ကြပါရန်နှင့် မူလသဲအင်းဂူ
(သကြ်န်အကျ)မှစ၍ နှစ်ဆန်းတစ်ရက်

မြန်မာ့ရုပ်မြင်သံကြ

၂၁-၃-၂၀၀၈ (

၁၃၆၉ခုနှစ်၊ တပေါင်းလ

နံနက်ပိုင်း

၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်၏ ဥပ္ပာတသန္တိ ပါဠိတော်**
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ မြတ်ဗုဒ္ဓ မဖြို့မ၏ အနှိုင်းမဲ့ရတနာ
၈း၀၀ ၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄း၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၄၅ ၅။ ဓမ္မပူဇာတေးအစီအစဉ်
၅း၀၀ ၆။ သီတဂူဆရာတော်

ကမ္ဘောဇအရှင်လက္ခဏ တရားပွဲများ

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက်ရပ်ကွက် မိုးမိတ်ကျောင်းမှ မိုးကုတ်ဓမ္မကထိက ကမ္ဘောဇ အရှင်လက္ခဏ(ဓမ္မာစရိယ) B.A (Geog) ပအိုဝ်းဆရာတော်သည် မတ် ၂၂ ရက်မှ ၂၈ ရက်အထိ ဧရာဝတီတိုင်း ကျိုက်ပိမြို့၊ မတ် ၃၁ ရက်မှ ဧပြီ ၆ရက်အထိ ဟင်္သာတမြို့နယ် သုံးမြေဆိုင်ရွာ၊ ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဆီဆိုင်မြို့နယ် နောင်ထော်ရွာ၊ ဧပြီ ၂၀ ရက်မှ ၂၄ ရက်အထိ နောင်ဟိုင်းဘုရား၊ ဧပြီ ၂၆ရက်မှ ၂၈ရက်အထိ ဝါးတောကျောင်းတိုက်တို့တွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာတရားများကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

ရန်ကုန် မတ် ၂၀

ရွှေတိဂုံစေတီတော်မြတ်ကြီး၏(၂၅၉၆)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်၌ ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့ညနေ ၅နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်တော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက သံဃာတော် ၈၁ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၂၇ပါးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။ (သတင်းစဉ်)

ဆရာကြီးဦးဂိုအင်ကာ၏ တရားစခန်းပွဲ

ခင်ဦး မတ် ၁၄

ခင်ဦးမြို့နယ် အင်ကြင်းပင်ကျေးရွာ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ကြီး၏ ဩဝါဒခံ သရေစည်သူ ဆရာကြီး ဦးဘခင်၏ တပည့် ကမ္ဘာ့ဝိပဿနာတရားပြ ဆရာကြီး ဦးဂိုအင်ကာ၏ ဝိပဿနာ တရားစခန်းပွဲကို မတ် ၂၆ ရက်မှ ဧပြီ၄ရက်အထိ ၁၀ရက် ဖွင့်လှစ်မည်ဖြစ်၍ ဦးဥက္ကံ မန္တလေး ဖုန်း-၀၂-၃၀၁၀၀၊ ဒေါက်တာအိုကေ ရွှေဘိုမြို့ ဖုန်း-၀၇၅-၂၁၃၇၁၊ ဦးထွန်းမြင့် ခင်ဦးမြို့ ဖုန်း-၀၉-၂၁၀၀၅၄၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထက်မင်းလှမြို့နယ်အသင်း (ရန်ကုန်) ဘွဲ့ခံဆရာတော်ကြီးအား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မကွေးတိုင်း အထက်မင်းလှမြို့နယ် ဓမ္မိကတောရစာသင်တိုက်နှင့် မြကင်းတောင် အေးရိပ်ငြိမ်တောရဆရာတော် ဘဒ္ဒန္တ သာသနအား အထက်မင်းလှမြို့နယ် အသင်း(ရန်ကုန်) မိသားစု၏ ထပ်ဆင့်ပူဇော်ပွဲကို (၁၃၆၉ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်) မတ် ၂၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ဗဟန်းဈေးအနီးရှိ မင်းလှဓမ္မရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းလိုပါက အသင်းဥက္ကဋ္ဌ ဦးစံမြင့် ဖုန်း-၂၂၆၂၈၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းစိန် ဖုန်း-၅၈၀၅၇၃၊ အတွင်းရေးမှူး ဦးမျိုးညွန့်ဦး ဖုန်း-၅၄၉၁၁၈၊ တွဲဖက်အတွင်းရေးမှူး ဦးလှတင့် ဖုန်း-၇၂၆၈၆၆ နှင့် နီးစပ်ရာ အသင်းအလုပ်အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

သဲအင်းဂူ(မော်ဘီ) သင်္ကြန်အထူးအဓိဋ္ဌာန်တရားစခန်းနှင့် ဓာတ်တော်ပူဇော်ပွဲ

ရန်ကုန် မတ် ၂၀

သဲအင်းဂူ(မော်ဘီ)သင်္ကြန်အထူး အဓိဋ္ဌာန်တရားစခန်းကို ဧပြီ ၉ ရက်မှ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)အထိ ကိုးရက်တိုင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုကြသူများသည် မှတ်ပုံတင်များယူဆောင်၍ ဧပြီ ၈ ရက်အရောက် လာရောက်ကြပါရန်နှင့် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ဓာတ်တော်များကိုလည်း ဧပြီ ၁၃ ရက် (သင်္ကြန်အကျ)မှစ၍ နှစ်ဆန်းတစ်ရက် နံနက် ၈ နာရီအထိ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရှိ မိုးကုတ်ဝိပဿနာနိဗ္ဗာန်ရွှေဂူ တောရရိပ်သာ ပဓာန နာယက၊ အဖွဲ့ချုပ်နာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ B.A) သည် တနင်္သာရီတိုင်း ကော့သောင်းမြို့ ဦးမောင်လှချောင် နှစ်မိုင်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီဓမ္မရိပ်သာအတွင်း တပေါင်းလပြည့်ကျော် ၂ ရက်မှ ၁၁ ရက်(မတ် ၂၃ ရက်မှ ဧပြီ ၁ ရက်အထိ) ကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းနှင့် ဆရာတော်၏ ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်ပါ၍ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁၃၇၀၈၆ သို့ ဆက်သွယ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၈ (သောကြာနေ့)
၁၃၆၉ခုနှစ်၊ တပေါင်းလပြည့်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်၏ ဥပ္ပာတသန္တိ ပါဠိတော်**
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ မြတ်ဗုဒ္ဓ မဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ
၉း၀၀ ၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပွဲ ဆုရတေးများ
၄း၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၄၅ ၅။ မွေ့ပွားတေးအစီအစဉ်
၅း၀၀ ၆။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ဇွေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း-၂)
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၃၀ ၈။ မိုးလေဝသအခြေအနေ
၆း၃၅ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀ ၁၀။ **မြန်မာရုပ်ရှင် "ဝေလည်းမွေး ကြွေလည်းမွေး" (ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း၊မြင့်မြင့်ခိုင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **မြန်မာရုပ်ရှင် "ဝေလည်းမွေး ကြွေလည်းမွေး" (အပိုင်း-၂) (ကျော်ဟိန်း၊ဒွေး၊ တင့်တင့်ထွန်း၊မြင့်မြင့်ခိုင်) (ဒါရိုက်တာ- ခင်မောင်ဦး၊စိုးသိမ်းထွဋ်)**
၁၅။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌအား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ထွေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း လမ်းများအဆင့်မြှင့်ရေးနှင့် သောက်သုံးရေဖူလုံရေး ဆောင်ရွက်

ရန်ကုန် မတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စီစဉ်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးမှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း လမ်းများအဆင့်မြှင့်ရေးနှင့် သောက်သုံးရေ ဖူလုံစွာရရှိရေး ဆောင်ရွက်နေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၇)ရပ်ကွက် ဥသျှဖယားလမ်း ကျောက်ချော ကတ္တရာလမ်း ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၇)ရပ်ကွက်ရှိ ဥသျှဖယားလမ်းသို့ ရောက်ရှိပြီး ကျောက်ချော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများ စုပေါင်း၍ ကျောက်စီခင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြသဇင်လမ်းနှင့် ဥက္ကာ(၁)လမ်းထောင့်၌ ဆောင်ရွက်လျက်ရှိသော ရေတွန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး အမှတ် ၅၃၊ ၅၄၊ ၅၆၊ ၇၀၊ ၇၁၊ ၇၂၊ ၁၀၄၊ ၁၀၅၊ ၁၀၆ နှင့် ၁၀၇ ရပ်ကွက်များ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ ဖူလုံစွာရရှိရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည်ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်-၁၀၇ ရပ်ကွက်ရှိ ကရဏာလမ်းနှင့် ဗန္ဓုလလမ်းတို့ကို ဆက်သွယ်ထားသည့် လမ်းအရှည် ပေ ၂၂၅၀ နှင့် အကျယ် ၁၈ ပေရှိ ကေတုမတီလမ်းအား ကျောက်ချော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ခင်းရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများ စုပေါင်း၍ ကျောက်စီခင်းခြင်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်တွင် အထူးသန့်စင်ခန်း ဆောက်လုပ်ရေး အတွက် ရန်ကုန်တိုင်း သင်္ဃန်းကျွန်း မြို့နယ် သုမင်္ဂလာအိမ်ရာ အောင်မြေ ရတနာလမ်းနေ ဦးဝင်းအောင်-ဒေါ်ကြည်လေး မိသားစုက ငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကျော်ဦး လက်ခံယူစဉ်။ (ကြေးမုံ)

သီတဂူဆရာတော်အား အမှူးထား၍ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနေ ဦးအောင်သာထွန်း-ဒေါ်လှမြင့်၊ သား၊ သမီးများဖြစ်ကြသည့် ဦးသက်တင်ဦး-ဒေါ်မြခင်ဝင်း၊ ဦးအေးမင်း-ဒေါ်မြခင်ထွေး၊ မြေး မခိုင်ကျော့မွန်မိသားစုက ငွေကျပ် ၁၀ သိန်းကို မတ် ၁၃ ရက်က ဂေါပကအဖွဲ့ဝင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကလေးတရားစခန်းဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၀

ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး အသင်းကြီးမှ ကလေးအထူးတရားစခန်းကို မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဒေါပုံမြို့နယ်၊ မြို့နယ်ဓမ္မာရုံကြီး၌ ကလေးတရားစခန်း ဖွင့်လှစ်မည်ဖြစ်၍ တရားစခန်းဝင်လိုသည့် လေးတန်း၊ ငါးတန်းနှင့် ခြောက်တန်းအရွယ် ကလေးများ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ဒေါပုံမြို့နယ် ဓမ္မာရုံကြီး၌ ညနေ ၄ နာရီမှ ၆ နာရီအတွင်း လာရောက် စာရင်းပေးသွင်းနိုင်သည်။ ကလေး အထူးတရားစခန်းအတွက် လှူဒါန်း လိုပါက မြို့နယ်ဓမ္မာရုံကြီး၊ ဖုန်း (တစ်ဆင့်) ၂၀၀၉၀၇၊ ကိုဝင်းဖော် ၀၁-၅၅၈၈၅၀၊ ၀၉-၅၁၃၂၈၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၄၂)

သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)တရားစခန်း

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)သာသန ဓဇ ဓမ္မာစရိယ၊ ဂန္ထဝါစကဓမ္မာစရိယသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် တလိုင်မိကျေးရွာ တလိုင်မိကျောင်းတိုက်အတွင်း (တပေါင်းလပြည့်ကျော် ၇ ရက်မှ ၁၃ ရက်) မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်ထိကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စ သမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားအားထုတ်နိုင်ရန် အကျိုးဆောင်အဖွဲ့က နိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပဲခူးမြို့ ဝိနယာဓိကအသင်း အောင်လက်မှတ်နှင့်ဘွဲ့ တံဆိပ်ကပ်လှူ

ရန်ကုန် မတ် ၂၀

ပဲခူးမြို့ ဝိနယာဓိက ပရိယတ္တိအသင်းကြီး၏ (၆၂)ကြိမ်မြောက် အောင်လက်မှတ်ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းပွဲကို မတ် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ပဲခူးမြို့ အာယုဝဍ္ဍနကုသိုလ်ဖြစ် သံဃာ့ဆေးကုဌာနခန်းမ၌ ကျင်းပသည်။

ယခုနှစ်တွင် မဇ္ဈိမနိကာယ ပါရဂူတန်းတွင် ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက်မှ သက်တော် (၅၂)နှစ်ရှိ ဦးဥုဒ္ဒေမာစာရက သုံးကျမ်းကို နှစ်ခြားအောင်မြင်သောကြောင့် "ပဲခူး-ဝိနယာဓိက မဇ္ဈိမနိကာယပါရဂူ" ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းပူဇော်ခံရသည်။ စာမေးပွဲတွင် သံဃာတော်အပါး ၁၇ ပါး အောင်မြင်ပြီး အလှူရှင်များက ဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြရာ ဦးကြည်လင်း (စိန်ဘယက်ဆေးတိုက်)နှင့် မိခင်တို့ ပါဝင်ဆက်ကပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)** (၄၀၃)

ခရီးသွားနှင့်ကုန်စည်ပို့ဆောင်မှုလုံခြုံရေးကြိုတင်စစ်ဆေး

ရန်ကုန် မတ် ၂၀

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးအောင်သွင်နှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးခင်မောင်သိန်းတို့ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး(အဝေးပြေး)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း)တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် မန္တလေး-မတ္တရာလမ်းဆုံ အောင်မြေသာစံမြို့နယ်၊ ရွှေကျင်ဂိတ်၌ မတ်၁၂ ရက်တွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များကို ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်ချက်နှင့် ညီညွတ်မှု ရှိ၊ မရှိ၊ ကုန်ပစ္စည်းများ တင်ဆောင်မှုနှင့် ထုပ်ပိုးမှုတွင် အန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်မှု ရှိ၊ မရှိ၊ ယာဉ်သက်တမ်းများ ကျော်လွန်ခြင်း ရှိ၊ မရှိ၊ ပြေးဆွဲနေသည့် ယာဉ်များ အန္တရာယ် ကင်းရှင်းစွာ ပြေးဆွဲမောင်းနှင်နိုင်မှု အခြေအနေ ရှိ၊ မရှိ၊ လုပ်ငန်းလိုင်စင်များ ရှိ၊ မရှိ၊ သတ်မှတ်ခရီးစဉ်ဖြင့် ပြေးဆွဲမှု ရှိ၊ မရှိ တို့ကို စစ်ဆေးကြသည်။ **(အောက်ပုံ)**

စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသည်များအား အန္တရာယ်ကင်းအောင် ပို့ဆောင်နိုင်ရေး၊ ကုန်ပစ္စည်းများအား လုံခြုံချောမွေ့စွာ သယ်ဆောင်နိုင်ရေး တို့အတွက်စစ်ဆေးပညာပေးဆောင်ရွက်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး (မန္တလေး) က အန္တရာယ်ကင်းရှင်းစွာ သွားလာ မောင်းနှင်နိုင်ရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ (ကုန်းလမ်းပို့ဆောင်ရေး)

မော်လမြိုင်အသင်း(ရန်ကုန်)အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၀

မော်လမြိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး အသက်(၈၀)နှစ်နှင့်အထက် အသင်းဝင် ဘိုးဘွားများ ပူဇော်ပွဲကို ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်မိဘများ၏ သား၊ သမီးများနှင့် နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရအသင်းသား၊ အသင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယံရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ သက်ပြည့်ဘိုးဘွားများ၊ ဂုဏ်ထူးရ အသင်းဝင်မိဘများ၏ သား၊ သမီးများနှင့် ပညာသင်ထောက်ပံ့ကြေးဆုအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူ လှူဒါန်းလိုသူများသည် ဖော်ပြပါ ပုဂ္ဂိုလ်များသို့ မတ် ၂၅ ရက် နောက်ဆုံးထားပြီး ဥက္ကဋ္ဌ ဦးရွှေဘော် ဖုန်း-၅၄၁၇၅၅၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်သန်း ဖုန်း-၅၅၇၂၇၈၊ ဒုတိယ ဥက္ကဋ္ဌ(အတွင်းရေးမှူး) ဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဘဏ္ဍာရေးမှူး ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃၊ စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁ နှင့် အသင်းရုံးအဖွဲ့မှူး ဦးလှရွှေ ဖုန်း-၂၅၆၁၅၇ တို့သို့ ဆက်သွယ်ပေးပို့ရန် ဖြစ်ကြောင်း သိရသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

မိုးကုတ်ဝိပဿနာ အခြေခံသင်တန်း

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၃၅) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ အခြေခံ ပဋိစ္စသမုပ္ပာဒ် သင်တန်းကို ဆရာ ဦးသောင်းထိုက်က မတ် ၂၂ ရက်မှ ၃၁ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ အတွင်း သာကေတမြို့နယ် ၇/အရှေ့ ရပ်ကွက် ရှုခင်းသာ မြို့ပတ်လမ်း မျိုးမြန်မာဆေးတိုက်၌ ၁၀ ရက်တိုင် ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၄၇၀၉၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သပြေကုန်းကျေးရွာ စက်ရေတွင်း ဖွင့်ပွဲကို မတ် ၁၆ ရက်က ကျင်းပရာ မြို့နယ်စည်ပင်တာဝန်ခံ အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးဝင်းကျော်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအေးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက် ဂျင်းကျောက်လမ်းဖွင့်

မြင်းမူ မတ် ၁၅

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ခြေရာတော်–ကုလားပုံ ကျေးရွာချင်းဆက် ဂျင်းကျောက်လမ်းကို ဖေဖော်ဝါရီ ၄ ရက်က ဖွင့်ပွဲကျင်းပရာ အမှုဆောင်အရာရှိ ဦးသန်းဇော်ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း၊ တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းနွယ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ အဆိုပါ လမ်းသည် အရှည်ပေ ၉၄၀၀ ရှိပြီး ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၄၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ပညာသင်ရင်းလက်တွေ့လုပ်ငန်းခွင်ဝင်လိုသူများအတွက်

JUNIOR MANAGEMENT COURSE

■ အခြေခံပညာအထက်တန်းဖြေဆို/အောင်မြင်ပြီးသူများအတွက် လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်သည့် ရုံးသုံးကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်စသည့်ဘာသာရပ်များကို စုစည်းသင်ကြားပေးပါသည်။
■ အရည်အချင်းပြည့်မီသည့် သင်တန်းဆင်းများကို အလုပ်အကိုင်ရရှိစေရန်ကူညီဆောင်ရွက်ပေးပြီး၊ နိုင်ငံတကာ LCCI ဒီပလိုမာသင်တန်း ပညာသင်ဆုများကိုလည်း ချီးမြှင့်ပေးပါမည်။

MCC Business School ☏ ၃၈၂၉၈၁၊ ၂၄၅၇၅၈၊ ၂၄၅၇၆၂

စာမူခွင့်ပြုချက် – ၄၀၁၃၆၄၁၂၀၇

မြန်မာ – မလေးရှား ခရီးဆောင်ဝေါဟာရ

ဦးစိန်ဝင်း (B.sc ; Bib. Ed) (မလေးရှားအသံ) / ရေဒီယို (မလေးရှား)

ဖြန့်ချီရေး – မျက်မှန်စာပေ (၃၆၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့ – ဖုန်း၊ ၇၀၀၅၇၉၊

အီတာနယ်စာအုပ်တိုက်

အောင်စည်နေမျိုး

ပြုံးရွှင်ပျော်ပါး – ၂၅

စိတ်ဖိစီးမှုကင်းဝေးရေး

ဘဝအောင်မြင်ရေးစာစုများ

ထွက်ပြီ

စားသောက်ဆိုင်ရောင်းမည်။
လက်ရှိဆိုင်ဖွင့်/ဝင်ငွေကောင်း
1RC (80'×60')(20'×60')
(ဆိုင်ပစ္စည်းစုံ) Ph:527089
663528,095188062

ရောင်း/လဲမည် ဖုန်း ၅၉၄၁၉၈
မနိုင်းထားသော Japan ကားသန့် Lite Ace Pickup 89M 5K အင်ဂျင် KM51 ဖရိန်သည် အသစ်ကဲ့သို့ သန့်သည်။ 5 speed အဖြူ အမည်ပေါက် အခွန်ကျေ ဘဏ္ဍာရီအသစ် တာယာအသစ် 750Kgs ၅က/၈---

မော်တော်ယာဉ်မှတ်ပုံတင် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၈၄၅၂၊ Hoder C90 Cwron CMx ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်ဦး မှတ်ပုံတင်အမှတ် [၉/အမရ(နိုင်) ၀၁၁၆၉၅] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

သူနာပြုအကူသင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ သင်တန်းသို့ အခြေခံပညာအလယ်တန်းနှင့် အထက်ရှိသူများ လျှောက်ထားနိုင်ပါသည်။
၂။ ဝါရင့်ကျွမ်းကျင်သော ဆရာမကြီးများကိုယ်တိုင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သင်ကြားပေးမည်။
၃။ သင်တန်းကာလ(၃)လဖြစ်ပြီး သင်တန်းပြီးဆုံးပါက သုခကမ္ဘာအထူးကုဆေးခန်းကြီးတွင် လည်းကောင်း၊ အခြားနေရာများတွင်လည်းကောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးမည်။

သင်တန်းဖွင့်လှစ်မည့်နေ့ရက် { ၂၀၀၈ခုနှစ်၊ မတ်လ(၂၂)ရက် (၂၅)ဦး
၂၀၀၈ခုနှစ်၊ ဧပြီလ(၅)ရက် (၂၅)ဦး

သင်တန်းတက်ရောက်လိုသူများသည် 'သုခကမ္ဘာအထူးကုဆေးခန်းကြီး' အမှတ်–၆၁၅(အီး)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်လျှောက်ထားနိုင်ပါသည်။ ဖုန်း–၅၀၀၁၀၀၊ ၅၀၄၅၄၅၊ ၁၂၆၃၂၉၊

အိမ်ကမခွာဘဲ ထွက်ပြေးလို့ရတဲ့ တစ် ခု တည်း သော နည်းလမ်းကတော့ အနုပညာပါပဲ
ဂစ် တာ တီး ပါ
စိုင်းမာ ဂစ်တာဆိုင်
ဘေ့စ်ဂစ်တာ၊ လိဒ်ဂစ်တာ၊ တယော
၈၊ ကျိုက်ပိုင်းဘုရားလမ်း၊ သမိုင်းလမ်းဆုံအနီး
ဖုန်း–၇၂၆၈၇၇၊ ၇၂၅၁၇၀

လက်စွဲ
09 8024368, 095013779, 09 5190730, 378993,

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါလိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်–

ဖြန့်ချီရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း–၂၉၂၈၃၀၊ ၂၉၁၀၇၉၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀ိ/

(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၀(က+ခ)၊ မြေကွက် အမှတ်–၉၇၂၊ စတုရန်းပေအားဖြင့် (၁၂၅၀)စတုရန်းပေ၊ ဧကအားဖြင့် ၀.၀၂၉ ဧက၊ အကျယ်အားဖြင့် ၂၅' × ၅၀' ကျယ်ဝန်းသော နှစ် (၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်–၂၀၊ မာလာမြိုင် (၅)လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ **ဦးသိန်း** (နိုင်ငံသား မှတ်ပုံတင်အမှတ်–၁၂/လမန(နိုင်)၀၁၆၁၉၀)၏ (၂၆. ၆. ၂၀၀၇) ရက်နေ့တွင် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပြုလုပ်သော အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်–၅၇၅၆/၂၀၀၇ အရ အထွေထွေ ကိုယ်စားလှယ် လွှဲစာရရှိသူ **ဦးမောင်သိန်း**(၁၀/မလမ (နိုင်) ၀၁၂၀၂၀) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ တစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်တကွ အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထား များနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အပါ အဝင် အကျိုးခံစားခွင့် တို့အား တရားဝင် အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီး အပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးတင်မောင်ဆွေ
တရားရုံးချုပ်ရှေ့နေ (စဉ်–၇၀၅၂)
အခန်းအမှတ်–၀၂/၁၂၊ ပထမထပ်၊ အာရှပလာဇာ၊
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၀ ၄၇၇၅

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ၄–လမ်း၊ အမှတ်(၅)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မိုး(ခ)ဘာဘူလေး (MGDN–၀၀၃၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မိုး(ခ)ဘာဘူလေး (MGDN–၀၀၃၀၆)နှင့် ဒေါ်ခင်မိုးလှိုင် [၁၂/မဂဒ(နိုင်)၁၅၁၀၃၃]တို့သည် တရားဝင်လက်ထပ် ထိမ်းမြားပြီးနောက် ရှာဖွေလုပ်ကိုင်စုဆောင်း၍ အောက်ပါပစ္စည်းများကို နှစ်ဦးလုံးမှ ပိုင်ဆိုင်အကျိုးခံစားခွင့် ရှိပါသည်။

ယာဉ်အမှတ် ၇က/၁၆၃၉ ဒိုင်နာအမျိုးအစား လှိုင်သာယာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်သို့ ပြေးဆွဲနေသော အမှတ်–၁၄၆၊ ကန္တာရဝတီယာဉ်လိုင်းနှင့် ယာဉ်အမှတ် ၇က/၂၉၉၈ မစ္စတာတိုက်တန် အမျိုးအစား မော်ဘီ ရွှေမြယာကုန်းနှင့် မင်္ဂလာဒုံမြို့နယ်သို့ ပြေးဆွဲနေသော အမှတ်–၈၂၊ ယာဉ်လိုင်းတို့ကို ကျွန်ုပ်၏ မိတ်ဆွေဦးဇော်မိုး(ခ) ဘာဘူလေး၏ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ မည်သူ့ကိုမျှ ပြေးဆွဲခွင့်မပြုရန်နှင့် ထိုယာဉ်နှစ်စီးအပြင် ဆိုင်အမှတ်မရှိ မင်္ဂလာဒုံ ဈေးဝင်းအတွင်း ရွှေခေါင်းလောင်း လက်ဖက်ရည်ဆိုင်နှင့် မင်္ဂလာဒုံဈေးဝင်းရှိ ဆိုင်အမှတ် ၃၁၊ ၃၂၊ ၃၃ ရွှေခေါင်းလောင်း ချစ်တီးထမင်းဆိုင်နှင့် ဒံပေါက်ဆိုင်များအပြင် အိမ်အမှတ်–၁၆၊ ဧယျာသီရိလမ်းသွယ်၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ခန့်မှန်းခြေ ၃၀ပေ x ၆၀ ပေရှိ သွပ်မိုး၊ အုတ်တစ်ဝက် ပျဉ်တစ်ဝက်ကာ သံမံတလင်းခင်းနှစ်ထပ်နေအိမ်စသည်တို့ကို ကျွန်ုပ်မိတ်ဆွေ ဦးဇော်မိုး (ခ)ဘာဘူလေးသည် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မိုး(ခ) ဘာဘူလေးနှင့် ဒေါ်ခင်မိုးလှိုင်တို့ ၂၈–၁–၂၀၀၈ ရက်နေ့က ချုပ်ဆိုသော "နှစ်ဦးသဘောတူ ကွာရှင်းခြင်းနှင့် ပိုင်ဆိုင်သော ပစ္စည်းများအား သားသမီး (၂)ဦးသို့ လွှဲပြောင်းပေးခြင်း" စာချုပ်သည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသည့်အတွက် ဤကြော်ငြာဖြင့် ပယ်ဖျက်လိုက်ပါသည်။ အထက်ဖော်ပြပါ ပစ္စည်းများကို ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မိုး(ခ)ဘာဘူလေးသည် ဥပဒေနှင့်အညီ မည်သူ့ကိုမျှ ပေးကမ်းလွှဲပြောင်းခြင်း မရှိသေးသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဦးဇော်မိုး(ခ) ဘာဘူလေး၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိဘဲ၊ ရောင်းခြင်း၊ ပေါင်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန်နှင့် ယာဉ်များ ပြေးဆွဲခွင့်များမပြုရန် ကြေညာအပ်ပါသည်။ ယခုကဲ့သို့ တားမြစ်ကန့်ကွက်ထားပါလျက် ယာဉ်များ ပြေးဆွဲခွင့်ပြုခြင်း၊ အထက်ပါ ဆိုင်ခန်းများ အိမ်များကိုလည်း ဦးဇော်မိုး(ခ) ဘာဘူလေး၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကို လက်ခံခဲ့သည်ရှိသော် လွှဲပြောင်းလက်ခံသူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ဦးဇော်မိုး(ခ)ဘာဘူလေး၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်လှစိန်(အထက်တန်းရှေ့နေ)
အမှတ်(၇)၊ ပြည်သူ့ကွက်သစ်(၃)လမ်း၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်လိုက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်ခင်စန်းမြင့်+၁	၁၂/လမတ(နိုင်)၀၀၇၃၇၂	လမ်းမတော်	၂၂-W²	V-၁၀၈	ဒေါ်တင်တင်	၆၃၀၊ ကန္နားလမ်း	အမည်ပြောင်း
၂။	ဦးထင်ကျော်+၁	၁၂/ပဇတ(နိုင်)၀၂၇၂၂၄	ပုဇွန်တောင်	၇-စီ	၉၇	ဦးအာတီး+၁	၅၊ ဂန္ဓမာလမ်း၊ ၆ ရပ်ကွက်၊ ပုဇွန်တောင်	အမည်ပြောင်း
၃။	ဦးဝင်းကြည်	၁၄/လပတ(နိုင်)၀၆၃၈၀၁	ဒဂုံမြောက်	၄၆	၁၆၀၄	ဦးတင်ကြည်	၁၆၀၄၊ စပ်စံထွန်းလမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၄။	ဦးသိုက်ဝင်း	၁၀/ဘလန(နိုင်)၀၃၀၈၂၆	မြောက်ဥက္ကလာပ	၁၂၊ရွှေပေါက်ကံ	၁၅၂၅	တပ်သားကျော်စွာအောင်	၁၅၂၅၊ အောင်ဘောဂလမ်း၊ ၁၂-ရွှေပေါက်ကံ	ဂရန်သစ်
၅။	ဦးသန်းလွင်+၁	၁၂/ကမတ(နိုင်)၀၃၀၅၂၆	ကြည့်မြင်တိုင်	၂၆-BB¹	V-၁၃၅	ဒေါ်တင်+၁	၃၃၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်	ဂရန်မိတ္တူ
၆။	ဦးသန်းလွင်+၁	၁၂/ကမတ(နိုင်)၀၃၀၅၂၆	ကြည့်မြင်တိုင်	၂၆-BB¹	V-၁၃၅	ဒေါ်တင်+၁	၃၃၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်	အမည်ပြောင်း
၇။	ဦးအောင်ကြည်+၁	၁၂/စခန(နိုင်)၀၄၅၂၉၈	သယ်္ဃန်းကျွန်း	လေးဒေါင့်ကန်	၁၂၂	ဦးသန်းစိန်	၉၄၊ မြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သယ်္ဃန်းကျွန်း	အမည်ပြောင်း
၈။	ဒေါ်သန်းသန်း	၁၂/ဒဂန(နိုင်)၀၂၁၉၀၇	ဗဟန်း	၃၆-အိုင်	၁၁၂အေ/၆အေ²	ဦးခင်မောင်ကြည်+၁	၇-အေ၊ ကမ္ဘာအေးစေတီလမ်း	အမည်ပြောင်း
၉။	ဦးဇော်ဝင်းဖေ+၁	၁၂/ဥကတ(နိုင်)၀၅၄၇၈၁	ဒဂုံမြောက်	၄၀	တ/၁၆၇-၁	ဦးငွေးမြင့်	တ/၁၆၇-၁၊ မင်းရဲကျော်စွာလမ်း၊ ၄၀ ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၀။	ဒေါ်တင်တင်အေး(ခ)ဒေါ်ခင်တင်အေး	၁၂/ဥကတ(နိုင်)၀၀၅၁၃၃	ဒဂုံမြောက်	၄၁	ထ/၁၂၈	ဦးငွေးမြင့်	ထ/၁၂၈၊ ရာဇာဓိရာဇ်လမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၁။	ဒေါ်တင်တင်အေး(ခ)ဒေါ်ခင်တင်အေး	၁၂/ဥကတ(နိုင်)၀၀၅၁၃၃	ဒဂုံမြောက်	၄၁	ထ/၁၂၉	ဦးငွေးမြင့်	ထ/၁၂၉၊ ရာဇာဓိရာဇ်လမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၂။	ဒေါ်လှကြီး	၁၂/ရကန(နိုင်)၀၂၅၉၄၇	ရန်ကင်း	၈၆/ကံဘဲ့	၈/F/၃-D	ဒေါ်လှကြီး+၄	၇၊ သုခဝတီလမ်း၊ ရန်ကင်း	မြေပုံကူး
၁၃။	ဦးမြသောင်း	၁၂/မဂတ(နိုင်)၀၀၆၈၆၅	မြောက်ဥက္ကလာပ	၁၆၊ရွှေပေါက်ကံ	၁၄၈	ဦးမြသောင်း	၁၆/၁၄၈၊ ပင်းယလမ်း၊ ရွှေပေါက်ကံ၊ မ/ဥ	ဂရန်သစ်
၁၄။	ဒေါ်စန်းမြင့်	၁၂/မဂတ(နိုင်)၀၁၃၃၇၅	မြောက်ဥက္ကလာပ	၂၀၊ရွှေပေါက်ကံ	၃၅၀	ဒေါ်စန်းမြင့်	၃၅၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၂၀-ရွှေပေါက်ကံ	ဂရန်သစ်
၁၅။	ဦးလှမြင့်(ခ)ဦးအဖာ	၁၂/ဗတထ(နိုင်)၀၂၅၁၈၇	သယ်္ဃန်းကျွန်း	၄၆	၁/ပ²	ဦးစိုးလင်း	၁/ပ-၂၊ ပန်းရိုက်လမ်း၊ သယ်္ဃန်းကျွန်း	အမည်ပြောင်း
၁၆။	ဦးတင်ထွန်း	၁၂/ဒဂတ(နိုင်)၀၁၇၂၃၄	လှိုင်သာယာ	သကမ-၅	၅၉၆	ဦးကျော်လွင်ဦး	သကမ-၅၊ ၅၉၆၊ ဖားအံလမ်း၊ လှိုင်သာယာ	ဂရန်သစ်
၁၇။	ဦးမြင့်ဇော်	၁၂/ကမရ(နိုင်)၀၅၁၄၄၁	မရမ်းကုန်း	၄၅-သမိုင်း	၁-ခ/၂၅၃	ဗိုလ်မှူးကြီးမြင့်ဇော်	၁-ခ/၂၅၃၊ ရွှေနှင်းဆီလမ်း၊ မရမ်းကုန်း	ဂရန်မိတ္တူ
၁၈။	ဒေါ်မြင့်မြင့်ကြည်	WKA-၀၀၁၆၄၈	ဒဂုံမြောက်	၃၁	၉၀၃	ဒေါ်မြင့်မြင့်ကြည်	၄၂ မင်္ဂလာလမ်း၊ စမ်းချောင်း	ဂရန်မိတ္တူ
၁၉။	ဦးမြကိုင်	၁၂/ဥကတ(နိုင်)၁၀၄၈၆၉	တောင်ဥက္ကလာပ	၆	၉၀၃	ဒေါ်ဒေါင်းရွှေ	၉၀၃၊ မြဟွစိုရ်လမ်း၊ (၆)ရပ်ကွက်၊ တ/ဥ	အမည်ပြောင်း
၂၀။	ဦးမောင်မောင်	၉/မခန(နိုင်)၀၈၀၂၃၀	မရမ်းကုန်း	၄၅	၁/ခ^{၁၇၄-အေ}	ဒေါ်အေးအေးမွန်	၃၇၃/ဒီ၊ ရွှေနှင်းဆီလမ်းသွယ်(၅)	ဂရန်မိတ္တူ

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၃၁၊ မြေကွက်တည်နေရာအမှတ် S/၂၃၊ ထန်းတပင်လမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်၊ (ဦးကုလား)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးကုလား(ဖခင်)နှင့် မိခင် ဒေါ်ငွေစိန် ကွယ်လွန်သဖြင့် ၁။ ဦးချစ်သန်း [၁၂/ကမရ(နိုင်)၀၂၆၆၅၅]၊ ၂။ ဒေါ်ထွေးကြည် [၁၂/ကမရ(နိုင်)၀၂၆၁၆၅]၊ ၃။ ဒေါ်သိန်းကြည် [၁၂/ကမရ(နိုင်)၀၂၆၆၈၆]၊ ၄။ ဦးသန်းတင် [၁၂/လမန(နိုင်)၀၁ ၆၇၂၃]၊ ၅။ ဒေါ်ခင်ဝင်း [၁၂/ကမရ(နိုင်)၀၂၆၆၈၀] တို့က သားသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E. Mr. Vu Trong Kim ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကိုးမိုင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းတို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ် အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E.Mr. Vu Trong Kim ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung လည်း တက်ရောက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ် အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေ အတွင်းရေးမှူး H.E. Mr. Vu Trong Kim တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ် အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E. Mr. Vu Trong Kim ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကိုးမိုင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror — ယနေ့ ဆောင်းပါး၊ ကဗျာ အညွှန်း

- **"ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူခြင်းဖြင့် သာသနာတော်သမိုင်းတွင် ထင်ရှားသော အကျိုးဆက်များပေါ်ထွန်းလာရသည်။ နိဂြောဓာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာရသည်၊ သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကို နုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿ ကြာဖက်မိုးကိုလည်း ရွာသွန်းစေတော်မူသည်၊ ဝေဿန္တရာဇာတ်၊ မဟာဓမ္မပါလဇာတ်၊ စန္ဒကိန္နရီဇာတ်တော်များနှင့် ဗုဒ္ဓဝင်ဒေသနာတော်တို့ကိုလည်း နာကြားကြရသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်၍ မိထွေးတော် ဂေါတမီ သောတာပန်ဖြစ်သည်။ သားတော် ရာဟုလာနှင့် သာကီဝင်မင်းသားတစ်ထောင်တို့ သာသနာ့ဘောင်ဝင်ရောက်ကြသည်။ ဤသည်တို့မှာ တပေါင်းလပြည့်နေ့မှ ဖြာထွက်လာသော သာသနာ့အလင်းရောင်များဟု ဆိုနိုင်ပါသည်"**
  ခိုင်ရွှေဝါ၏ **"ရွှက်နုဆင့်လောင်း မိန်ရာသီ လတပေါင်း"**(ဆောင်းပါး) စာမျက်နှာ-၆
- ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ **"မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့"** (ကဗျာ)
  စာမျက်နှာ-၆

ကြေးမုံ The Mirror — သတင်းအညွှန်း

သောကြာပတ်ရှပ်ရှင်သတင်းများ **စာမျက်နှာ- ၂**

မလက္ကာရေလက်ကြားဒေသ လုံခြုံရေး မလေးရှားနှင့် အင်ဒိုနီးရှားရေတပ် ပူးပေါင်းဆောင်ရွက်မည် သတင်း အပါအဝင် နိုင်ငံတကာရေးရာသတင်းများ

စာမျက်နှာ- ၄၊ ၅

မတ် ၂၁ ရက် ညနေအထိ မိုးလေဝသခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန် ရာနှုန်း (၆၀) ဖြစ်သည်။

ထူးခြားသည့် နေ့အပူချိန်များ

၂၀-၃-၂၀၀၈

ချောက်	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)
မကွေး	၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)
ပခုက္ကူ	၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)
မုံရွာ	၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

ကြိုတင်ကာကွယ်တားဆီးအန္တရာယ်မီး

မီးကြွင်းမီးကျန် မရှိရန်၊ ကျင့်ကြံသတိ အမြဲရှိ